စိတ်ကူးချိုချိုအနုပညာ

# အာဆီယံ အိုင်အမ်အက်ဖ် နှင့် မြန်မာ့စီးပွားရေး

ဆောင်းပါးများ

ခင်မောင်ညို (ဘောဂဗေဒ)

mgyoe.com

# အာဆီယံ
# အိုင်အမ်အက်ဖ်
# နှင့်
# မြန်မာ့စီးပွားရေး

အကြောင်းအရာများအပါအဝင်
စာရေးသူ၏
အထွေထွေအတွေးအမြင်
ဆောင်းပါးများ

**ခင်မောင်ညို(ဘောဂဗေဒ)**

kmn0042
1800.00 Ks

mgyoe.com

အာဆီယံ၊အိုင်အမ်အက်ပ်နှင့်မြန်မာ့စီးပွားရေး ခင်မောင်ညို(ဘောဂဗေဒ)
အပြင်အဆင် - အမ်အက်စ်အို
စာမျက်နှာ ၁၃၃ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# အာဆီယံ၊ အိုင်အမ်အက်ဖ်နှင့် မြန်မာ့စီးပွားရေး

ခင်မောင်ညို(ဘောဂဗေဒ)

ပထမအကြိမ်၊ ၂၀၁၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ အပြောင်းအလဲတွေကြားက ကျွန်တော့်ဓာတ် ၁

၂။ ပျော်နေ ဒါပေမဲ့ မောနေ ၇

၃။ အတိတ်နဲ့ အနာဂတ်– ပစ္စုပ္ပန်မှာ လွန်ဆွဲ ၉

၄။ ၂၀၁၃ ကို ဖြတ်သန်းခြင်း ၁၁

၅။ လမ်းတွေ မီးတွေကို ဘယ်သူတာဝန်ယူကြမလဲ ၁၅

၆။ ဘယ်ကွင်းမှာ ဘယ်လိုကန်ကြမလဲ ၁၉

၇။ လှျူလို့ မဝတဲ့သူ ၂၃

၈။ ငြမ်းတွေရဲ့အကြောင်း ၂၆

၉။ များလာတဲ့ သင်တန်းနဲ့ သင်တန်းသားတွေ ၂၉

၁၀။ ရေးသူ ဖတ်သူ တစ်ယောက်ရဲ့ ဟိုရောက် ဒီရောက် ၃၂

၁၁။ သန့်သလို စွမ်းရမယ် ၃၇

၁၂။ လူထိန်းရတဲ့ ယာဉ်ထိန်း ၄၀

၁၃။ ဘဝထဲက စာမေးပွဲများ ၄၆

၁၄။ ကြွေးဟောင်းတွေလည်း ဆပ်၊ ကြွေးသစ်တွေလည်း ချ ၅၄

၁၅။ ဘဝထဲက မီးများ ၅၈

၁၆။ နားဆင်မှတ်သားမိသမျှ ၆၃


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၇။ | ပင်လယ်အလွှမ်း | ၆၈ |
| ၁၈။ | အာဆီယံအဝန်းအဝိုင်း၏စိန်ခေါ်မှုများ | ၇၃ |
| ၁၉။ | အာဆီယံအဝန်းအဝိုင်းနှင့် စာနယ်ဇင်း | ၇၈ |
| ၂၀။ | အိုင်အမ်အက်ဖ်က ဘာတွေပြောသွားလဲ | ၈၂ |
| ၂၁။ | အိုင်အမ်အက်ဖ်(IMF)နှင့် ကမ္ဘာ့ဘဏ်တို့၏ အတိတ်နှင့် အနာဂတ် | ၈၅ |
| ၂၂။ | ၂၀၁၄ မြန်မာ ပညာ ဆွေးနွေးပွဲ စင်ကာပူ | ၈၈ |
| ၂၃။ | သုံးနှစ်ခရီး | ၉၂ |
| ၂၄။ | ခရိုနီခေတ် ကုန်တော့မည်လား | ၉၆ |
| ၂၅။ | နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ အခြားတစ်ဖက်ခြမ်း | ၁၀၃ |
| ၂၆။ | ၂၀၁၄ မြန်မာ့စီးပွားရေး | ၁၁၄ |
| ၂၇။ | ဖီးလစ်ကော့တလာ (Philip Kotler) ဘာတွေပြောသွားလဲ | ၁၁၇ |
| ၂၈။ | လေးတဲ့ဆေးတွေ | ၁၂၂ |
| ၂၉။ | မထူးခြားတဲ့သက်တမ်း ၁ နှစ်တိုး<br>အမေရိကန် စီးပွားရေးပိတ်ဆို့မှု | ၁၂၅ |
| ၃၀။ | ထိုင်းနိုင်ငံက အပြောင်းအလဲတွေ | ၁၂၈ |
| ၃၁။ | နိုင်ငံခြားဘဏ်တွေ ဝင်လာလျှင် | ၁၃၁ |


❑

mgyoe.com

mgyoe.com

# အပြောင်းအလဲတွေကြားက ကျွန်တော့်ဇာတိ

ဒီတစ်ခေါက် ဇာတိရပ်ရွာပြန်တဲ့ခရီးကတော့ အတော်လေး မောလှပေမယ့် ပျော်စရာကောင်းတဲ့ခရီးတစ်ခုပါ။

ပထမဆုံး ပျော်စရာကောင်းတာက ရန်ကုန်ကနေ ကျွန်တော်တို့ဇာတိကို တိုက်ရိုက်၊ အမြန်လေအိတ်ကားနဲ့ သွားခွင့်ရတာကြောင့်ပါ။ အောင်မင်္ဂလာအဝေးပြေးကားဂိတ်က ရွှေစကြာဆိုတဲ့ မြင်းခြံ–နွားထိုးကြီးဘက်သွားတဲ့ ကားလိုင်းက ကျွန်တော်တို့ဆီကို တိုက်ရိုက်သွားနိုင်တဲ့လိုင်း တိုးချဲ့တယ်။ အိပ်ရေးပျက်မှာစိုးလို့ ညကား မစီးချင်ပေမယ့် တိုက်ရိုက်သွားတဲ့ ကားလိုင်းစီးချင်တာရယ်၊ သူတို့ကို အားပေးချင်တာရယ်ကြောင့် အာစရိယပူဇော်ပွဲသွားတဲ့ခရီးစဉ်မှာ ခါတိုင်းလို ကားငှားမနေတော့ဘဲ စီးဖြစ်ကြပါတယ်။ ၁၁၅ မိုင်ရောက်တော့လည်း ငါန်းဇွန်သွားမယ့်ခရီးသည်များလို့ခေါ်သံကြားရတာ အရသာရှိလိုက်တာ၊ ရေရှည်တည်တံ့နိုင်ပါစေလို့သာ ဆုတောင်းပါတယ်။

ရန်ကုန်ကနေ ညနေ ၇ နာရီထွက် မိတ္ထီလာရောက်တော့ မြင်းခြံလမ်းကိုခွဲထွက်၊ နွားထိုးကြီး၊ တောင်သာ၊ မြင်းခြံတွေကိုဖြတ်၊ ညဘက်ရောက်တော့ ကိုယ့်အရပ်ဒေသနဲ့ နီးပြီပေါ့။ ၁၂ နာရီလောက် ကားစီး၊ ကိုယ့်မြို့နယ်ထဲက မြို့သာဆိုတဲ့ မြို့လေးကိုဖြတ်ပြီး မကြာမီ ကတ္တရာလမ်းကောင်းကနေ ငါန်းဇွန်ကို ရောက်တော့တာပါ။ ခါတိုင်း မန္တလေးဘက်ကလာရင်ဖြတ်ရတဲ့ တံတားဦးတို့၊ ကျောက်တလုံးတို့၊ ရွာသစ်တို့ဘက်တောင် မရောက်။

mgyoe.com

ဒါကြောင့် ညဘက် ဆွေးနွေးပွဲလုပ်ကြတော့ လျှပ်စစ်မီးရပြီ၊ တယ်လီဖုန်းရနေပြီ၊ ရန်ကုန်အထိ ကားလမ်းပေါက်နေပြီ။ ညနေကားစီး၊ နံနက် ရန်ကုန်ရောက်၊ နေ့ခင်း လုပ်စရာရှိတာတွေလုပ်၊ ညနေ ၇ နာရီ အပြန်ကားစီး၊ နောက်တစ်နေ့မနက် ငါန်းဇွန် ပြန်ရောက်နိုင်တာမို့ ဒီအခွင့်အလမ်းတွေကို ဘယ်လိုအသုံးချကြမလဲဆိုတာ စဉ်းစားဖို့ ကောင်းတယ်လို့ ဆွေးနွေးခဲ့ပါတယ်။

မြို့သာက တပည့်တွေ၊ မိတ်ဆွေတွေ ဖိတ်ကြားလို့ ရောက်သွားပြန်တော့ လျှပ်စစ်မီးရပြီ၊ အဝေးပြော တယ်လီဖုန်း (မိုဘိုင်းဖုန်း) တွေတော့ မရသေး။ မြို့သာက ငါန်းဇွန်ထက်စည်ကားတဲ့ လမ်းပန်းအဆက်အသွယ် ကောင်းတဲ့မြို့လေးဆိုတော့ သူ့ရဲ့ တိုးတက်မှုက ပိုမြန်မယ်လို့ တွက်ဆရပါတယ်။

ငါန်းဇွန်ရောက်တော့ လာကြိုနေတဲ့သူတွေနဲ့အတူ၊ အပြေးအလွှား မုန့်သွားစား ကြတယ်။ ခါတိုင်းစားနေကျ မသန်းစုမုန့်ကို တတိယနေ့မှာ အားပေးရပြီး ပထမနှစ်ရက်မှာ မအေးမူဆိုင်ကိုအားပေးကြရတော့ ဆိုင်က စားပွဲတစ်လုံး အပိုချထားပြီး စောင့်ကြိုနေ တာတွေ့ရတယ်။ ဖောက်သည်မသန်းစုကတော့ အကြောင်းသိပီပီ လိုက်ပွဲပါ အသင့်ပြင်၊ မုန့်ကျွတ်နဲ့ ဟင်းရည်တွေ တဝကြီးထည့်ပေးပေမယ့် ပိုက်ဆံပေးလို့ မရဘူး။

မြို့သာက တပည့်ဟောင်းတွေက ထမင်းလဲကျွေး၊ ကန်တော့လည်း ကန်တော့၊ စကားပြောလို့ကလည်း မကုန်ပေမယ့် ၂ နာရီမှာ ငါန်းဇွန် အ.ထ.က က ကလေးတွေကို ဟောပြောဖို့ ချိန်းထားလေတော့ အပြေးပြန်ကြရတယ်။ လိုက်ပို့ ကျေးဇူးပြုတဲ့ ဦးမြကြီး ဆိုတာကလည်း ငါန်းဇွန်သာမက မြန်မာတစ်နိုင်ငံလုံးမှာ စက်မှုလက်မှုနဲ့ပတ်သက်လို့ ထိတ်ထိတ်ကြဲဆိုတော့ သူ့ရဲ့ ထူးခြားတဲ့အတွေးအမြင်တွေ၊ သုံးသပ်ချက်တွေကို ကြားနာခွင့် ရပါတယ်။

ခရီးမထွက်မီ ကွန်ပျူတာနဲ့ တယ်လီဖုန်းပစ္စည်းဆိုင်ဝင်ကြည့်တော့ ရန်ကုန်မှာ ကိုယ်တစ်ခါမျှ မမြင်ဖူးတဲ့ ဓာတ်အားသွင်းကြိုးတွေ့ရတယ်။ ဓာတ်အားကို မော်တော် ကားတို့၊ ဆိုင်ကယ်တို့ရဲ့ ဘက်ထရီကနေ ရယူနိုင်ဖို့ ကလစ်နှစ်ခုပါပြီး တစ်ပြိုင်နက်တည်း ဓာတ်ခဲလည်းအားသွင်းလို့ရသလို တယ်လီဖုန်းအမျိုးမျိုးကိုလည်း အားသွင်းလို့ရတယ်။ ဦးမြကြီးက ကားမှာ အဲဒီကြိုးကို တပ်ထားတော့ ကိုယ့်တယ်လီဖုန်းကိုလည်း သွားရင်း လာရင်း အားသွင်းလို့ရနေတယ်။ "ကျွန်တော် ဓာတ်ခဲအပိုဆောင်ထားတယ်" ဆိုတော့ ဆရာသုံးပုံနဲ့ ဆို ဓာတ်ခဲကို အထုပ်လိုက်ဆောင်ထားရမှာပဲလို့ အားပေးရှာတယ်။ ဦးမြကြီးရဲ့ Facebook ကိုကြည့်တော့ အဘိမ္မောတွေ၊ ပဋ္ဌာန်းတွေ၊ ဝိပဿနာတွေ တွေ့ရပါလိမ့်မယ်။ အပြင်မှာ တွေ့ချင်ရင်တော့ အိမ်သွားမရှာနဲ့။ ငါန်းဇွန်က လမ်းပေါ်မှာ တစ်နေ့ ဆယ်ခေါက်

mgyoe.com

mgyoe.com
လောက် ကူးသန်းနေတာကို တွေ့နိုင်ပါတယ်။

အစဉ်အလာမပျက် မိဘဘိုးဘွားအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်တဲ့အနေနဲ့ မိဘဘိုးဘွားတွေ လှူဒါန်းခဲ့ရာ သဲဖြူကျောင်း ပရိယတ္တိစာသင်တိုက်ကို သွားရောက်ပြီး ပရိယတ္တိလုပ်ငန်းတွေကို တိုက်ဆိုင်တဲ့ အခိုက်အတန့်မှာ ကူညီထောက်ပံ့ခွင့် ရခဲ့ပါသေးတယ်။ သဲဖြူကျောင်းဆရာတော်တွေက ခရီးစဉ်မှာ ကျောင်းက ကားကို ယူသုံးဖို့ ခွင့်ပြုပေမယ့် သူတို့လုပ်ငန်းစဉ် အနှောင့်အယှက်ဖြစ်မှာစိုးတာကြောင့် မယူမသုံးခဲ့ပါဘူး။ အ.ထ.က မှာ စောင့်ဆိုင်းနေတဲ့ ကလေးတွေကို ဟောပြောဖို့ ဆွေမျိုးတော်သူဖြစ်တဲ့ ဆရာမ ဒေါ်ယမင်းနဲ့ ဆရာမနှစ်ယောက်က အခမ်းအနားကို စီစဉ်ပေးကြပါတယ်။ ကလေးတွေ အများစုက ကိုးတန်းတဲ့။ ဆယ်တန်းနဲ့ ရှစ်တန်းက စာကျက်နေသတဲ့။

ကလေးတွေကို ငယ်ငယ်ရွယ်ရွယ်က အပင်ပန်းခံမှ ကြီးရင်သက်သာမယ်၊ ငယ်ငယ်ရွယ်ရွယ်က အသက်သာခိုနေရင် အသက်ကြီးတဲ့အခါ ပင်ပန်းမယ်။ ကိုယ့်ကိုယ်ကိုယ် ခိုင်းတာက သခင်၊ သူများခိုင်းတာခံရရင် ကျွန်၊ ကိုယ့်ကိုယ်ကိုယ် မခိုင်းရင် သူများက ဝင်ခိုင်းသွားမယ်၊ ကောင်းတာမှန်တာကို ကိုယ်တိုင်လည်း လုပ်ရဲရမယ်၊ သူများလုပ်ရင်လည်း အားပေးထောက်ခံရမယ် စသဖြင့် ကလေးတွေ နားဝင်နိုင်လောက်မယ်ထင်တာတွေကို ချင့်ချိန်ပြီး ပြောပါတယ်။ သူတို့ကို ပြောခိုင်း၊ မေးခိုင်းတယ်။ ဒီတစ်ခေါက် ကလေးတွေကို လက်ဆောင်ပေးဖို့ စာအုပ်မပါလာတာနဲ့ မုန့်မကျွေးရတာ သတိရတယ်။ ဟောပြောပွဲအပြီးမှာ ကလေးတွေရဲ့စာအုပ်ထဲ လက်မှတ်ထိုးပေးရသေးတယ်။ ကလေးတွေရဲ့ စာအုပ်တွေက ခဏလေး ပျောက်ပျက်သွားမှာ မှန်ပေမယ့် ကလေးတွေကို စာအုပ်တွေ၊ စာရေးသူတွေနဲ့ ရင်းနှီးစေချင်လို့ လုပ်ပေးတဲ့ အလေ့အကျင့်လေးတော့ ကျန်ရစ်မယ် ထင်ပါတယ်။

ညနေဘက် ရသမျှအချိန်လေးမှာ အဒေါ်တွေ၊ ဆွေမျိုးတွေနဲ့ ခဏတွေ့ပါတယ်။ ဆွေတွေမျိုးတွေက ဘယ်လောက်ပဲ မပြည့်စုံ မပြည့်စုံ။ ရောက်တုန်းရောက်ခိုက် ကျွေးချင်ကြ၊ မွေးချင်ကြ၊ ပေးချင်ကြနဲ့။ ဒီတစ်ခေါက်မှာ အဒေါ်အပျိုကြီးတစ်ယောက် ချက်ကျွေးတဲ့ စတုမဓုကိုလည်း စားခဲ့ရပါသေးတယ်။ အတူပါမလာဖြစ်တဲ့ သမီးနဲ့ ညီမလေး မိသားစုကိုလည်း ဝိုင်းမေးကြတယ်။

ညဘက်ဆွေးနွေးပွဲကိုတော့ အရင်နှစ်ကထက် တက်ရောက်တဲ့သူများပြီး လွတ်လွတ်လပ်လပ် ဆွေးနွေးကြပါတယ်။ ဒေသဖွံ့ဖြိုးရေးနဲ့ပတ်သက်လို့ ဒေသခံတွေကြားက ကွဲပြားတဲ့အမြင်တွေကိုနားထောင်ရတယ်။ မတူတဲ့အယူအဆတွေကို လက်ခံနိုင်တဲ့ အလေ့အကျင့်ကို လေ့ကျင့်ယူရဦးမှာပါ။
mgyoe.com

mgyoe.com
ယေဘုယျအားဖြင့်တော့ ဒေသခံသူငယ်ချင်းတွေက ကွဲပြားတဲ့ပါတီတွေရဲ့ ခေါင်းဆောင်မှုအောက်မှာရောက်နေပြီး အချင်းချင်း အတန်အသင့် ယှဉ်တွဲနေထိုင်နိုင်ကြလို့ တော်သေးရဲ့လို့ သုံးသပ်မိပါတယ်။ ဆွေးနွေးပွဲက အရှိန်သိပ်ကောင်းနေလို့ မနည်းကြီး ဖြတ်ယူရတယ်။ ဒါတောင် နောက်ရက်မှာ ဘက်လိုက်တယ်လို့ ယူဆတဲ့ သုံးသပ်ချက်တစ်ခုကို ပြန်ကြားရတဲ့အခါ ကိုယ့်အယူအဆကို လူရှေ့သူရှေ့မှာ ဘာကြောင့် မပြောရဲသလဲလို့ ပြန်မေးကြည့်ခဲ့ပါတယ်။ အပြောင်းအလဲတွေအောက်မှာ ပေါ်ပေါက်လာတဲ့ အခွင့်အရေးတွေကို ကိုယ့်ဒေသ၊ ကိုယ့်လုပ်ငန်း တိုးတက်ဖွံ့ဖြိုးရေးအတွက် ဘယ်လိုဆောင်ရွက်ကြမယ်ဆိုတာ စဉ်းစားကြဖို့ အထူးတိုက်တွန်းခဲ့ပါတယ်။ မြို့မြောက်ဘက်က ကျွန်းတွေခြားသွားတဲ့ ဧရာဝတီမြစ်ကြီးရဲ့နေရာမှာ အစားထိုးပေါ်ပေါက်လာတဲ့ မြို့တောင်ဘက်က လမ်းတွေကို အားကိုးအားထား ပြုစေချင်တာပါပဲ။

မြို့အကြောင်းပြောတဲ့အခါမှာ နံနက်စောစော ဆွမ်းလောင်းဖို့သွားရင်း စောနေသေးလို့ ပဲထပ်တရာနဲ့ လက်ဖက်ရည်တစ်ခွက် စားသောက်တာ ပိုက်ဆံရှင်းတော့ နှစ်ရာ (၂၀၀) ပဲကျလို့ ဟုတ်မှဟုတ်ရဲ့လားလို့ ထင်မိအောင် ဖြစ်သွားတာကိုလည်း ချန်လို့မဖြစ်ပါဘူး။ နောက်တစ်ရက်မှာ ငယ်သူငယ်ချင်းဖြစ်တဲ့ ဦးချစ်သန်းက လက်ဖက်ရည်တိုက်မုန့်ကျွေးတော့ ဒီပိုက်ဆံပေမယ့် ငါန်းဇွန်မှာ ရှာလို့မလွယ်ဘူးဆိုတဲ့အကြောင်း ပြောသွားသေးတယ်။ အစဉ်အလာမပျက် ငါန်းဇွန်က ဆွမ်းလောင်းအသင်းကြီးမှာ အရဏ်ဆွမ်းလောင်းလှူကြပြီး ကွယ်လွန်သွားတဲ့ ဆရာကြီး၊ ဆရာမကြီးတွေကို အမျှပေးဝေခဲ့ကြပါတယ်။ ဒီတစ်ခေါက်မှာ သဒ္ဓါပေါက်ပြီး ကွယ်လွန်သွားတဲ့ အဘွား ဒေါ်လှရွှေ၊ မိဘတွေဖြစ်တဲ့ ဦးချစ်ဦး ဒေါ်မြရင်တို့ကို ရည်စူးပြီး မိသားစုအနေနဲ့ တစ်ရက်စာ ဆွမ်းလောင်းလှူစရိတ်လှူဒါန်းကုသိုလ်ပြုခွင့် ရခဲ့ပါသေးတယ်။ သွားရင်းလာရင်းနဲ့ မြို့အရှေ့ အင်းဝကျောင်းက သက်တော်ရှည်ဆရာတော်ကြီးတစ်ပါးကို သွားရောက်ဂါရဝပြုရာမှာတော့ ဆရာတော်ကြီးက အဘိုးအဘွားနဲ့မိဘတွေအမည်ကို မှတ်မိနေတာတွေ့ရလို့ အံ့သြဝမ်းသာရပါသေးတယ်။

နံနက်ခင်းမှာ တပည့်ဟောင်းဖြစ်သူ ဆရာမဒေါ်တင့်ဆန်းက သူတို့ဦးစီးတဲ့ ထန်းစဉ်လှရွာက ယဉ်ကျေးလိမ္မာသင်တန်းကို လာပြောပါဦးဆိုလို့ ဆိုင်ကယ်နဲ့ အပြေးအလွှားသွားပြီး နာရီဝက်လောက် ပြောနေကျစကားတွေကို ပြောရဟောရသေးတယ်။ အရင်က ငါန်းဇွန်မှာပဲရှိတဲ့ ယဉ်ကျေးလိမ္မာသင်တန်းက အခု ကျေးရွာတွေအထိ ပျံ့နှံ့လာပြီး ကလေးတွေက စနစ်တကျ သီလယူ၊ မေတ္တာပို့၊ အမျှဝေအထိ ဒါနပြုတာတွေကြည်ညိုခဲ့ရပြီး ကလေးတွေက ကိုယ့်နာမည်တပ်ပြီး ဆုတောင်းမေတ္တာပို့သတာကို ကြည်ကြည်နူးနူး
mgyoe.com

mgyoe.com
ခံယူကာ အာစရိယပူဇော်ပွဲအမီ အပြေးပြန်ခဲ့ရပါတယ်။ ချယ်ရီတို့၊ ပတ္တမြားတို့၊ Sky Netတို့မှာ အပတ်စဉ်ပြောနေပေမယ့် ပတ္တမြား FMမှာ ပြောတာကို နားထောင်တဲ့ပရိသတ်က ထန်းစဉ်လှရွာရောက်မှပဲ တွေ့ခဲ့ပါတယ်။

အာစရိယပူဇော်ပွဲကို ပြန်ရောက်တော့ လူတောင်အတော်စုံနေပြီ။ ခရီးသွားအဝတ်အစားကိုအမြန်လဲပြီး ငါန်းဇွန် အ.ထ.က က အောင်ဆန်းခန်းမထဲ ဝင်ရတယ်။ ခန်းမရဲ့ထိပ်မှာ 'လေ့လာဆည်းပူးဖို့ဝင်လာတယ်။ အလုပ်အကျွေးပြုဖို့ ထွက်ခွာတယ်' ဆိုတဲ့ စာတန်းလေးက ကျွန်တော်တို့ကို အမြဲသတိပေးနေတယ်။ ဟိုတုန်းက နှစ်နှစ်တစ်ခါ အလုပ်အကျွေးပြုကြတဲ့ ကျေးဇူးတုံ့ပြန်ကြတဲ့ အာစရိယပူဇော်ပွဲကို တစ်နှစ်တစ်ကြိမ် လုပ်ကြမယ်ဆိုတော့ ဖြစ်မှဖြစ်ပါ့မလားလို့ စိုးရိမ်ကြတယ်။ နှစ်နှစ်တစ်ခါဆိုရင် ဆရာကြီး၊ ဆရာမကြီးတွေ အတော်လျော့သွားမှာ စိုးရိမ်တာကိုး။ တကယ်တမ်းကျတော့ မနှစ်နဲ့ဒီနှစ်ကြားမှာ ကန်တော့ခံ ဆရာ၊ ဆရာမက မလျော့၊ ကန်တော့တဲ့ ကျောင်းသား ကျောင်းသူတွေက ၉ ယောက်တောင် လျော့သွားတယ်လို့ ဆရာမကြီးတစ်ယောက်က စာရင်းချပြတယ်။

ဝမ်းသာစရာတွေ တွေ့နေတဲ့ကြားထဲက ကိုယ့်ကို လွတ်တော်ကိုယ်စားလှယ်လောင်း လုပ်စေချင်တဲ့ မြို့နယ်ပါတီဥက္ကဋ္ဌကြီးတစ်ယောက်ရဲ့ ဈာပနကို ရောက်ခဲ့ရတော့ သူ့ဆန္ဒကို မဖြည့်ဆည်းပေးနိုင်ခဲ့တဲ့အကြောင်း စိတ်ထဲက တောင်းပန်ခဲ့ရပါတယ်။အာစရိယပူဇော်ပွဲ အပြီးမှာ ပုဂံနဲ့ခေတ်ပြိုင် ဘုရားတွေအများကြီးရှိတယ်လို့ဆိုတဲ့ ငါန်းမြာကို မိတ်ဆွေတွေက ဆိုင်ကယ်သုံးစီးနဲ့လိုက်ပို့ကြတယ်။ လမ်းခရီးက သာယာတာကြောင့် ဓာတ်ပုံရိုက်လို့ မဝနိုင်။ အရင်တစ်ခေါက်ကားနဲ့ ဖြတ်စဉ်ကလောက် လမ်းမကြမ်းတော့ဘူး။ ရှေးဟောင်းဘုရားတွေ ဖူးတွေ့ခွင့်ရပေမယ့် အထောက်အထားတွေမရှိ၊ ပြောပြနိုင်တဲ့သူကလည်း မတွေ့။ အုတ်ဖိုတစ်ခုရှိတဲ့ ဧရာဝတီမြစ်လယ်ကျွန်းမှာ ဒေသစာတွေ စားခဲ့ရတာတော့ အမှတ်တရ။ဧရာဝတီမြစ်လယ်က ကျွန်းပေါ်မှာ အင်တင်နာတိုင် ထောင်ထားလို့ သူတို့ရဲ့ အုတ်လုပ်ငန်းက ဖောက်သည်တွေနဲ့ အဆက်မပြတ်။ မိဘကို အုတ်ဖုတ်ရာမှာ ကူလုပ်နေတဲ့ ကလေးငယ်တွေက ပင်ပန်းပုံမပေါက်ဘဲ ပျော်ရွှင်နေပုံပေါက်နေတယ်။ ငါန်းမြာတ အသွား ၂ နာရီ၊ အပြန် ၂ နာရီလောက် ဆိုင်ကယ်စီး၊ ညနေခင်း ကျေးလက်ရှုခင်းတွေ အရယူပြီး ပြန်လာတော့ မနှစ်က ကမ္ဘာ့ထလုပ် လှူခဲ့တဲ့ အ.ထ.ကကျောင်းဝင်းထဲက အဝီစိတွင်းကို သွားကြည့်တယ်။ တည်းတဲ့အိမ်ပြန်ရောက်တော့ လူလည်းပန်း၊ တယ်လီဖုန်းနဲ့ ကင်မရာ ဓာတ်ခဲတွေလည်းကုန် ညနေစာတောင် မစားနိုင်ဘဲ တန်းပြီးအိပ်မောကျသွားတယ်။

ပြန်မယ့်ရက်မှာ ဈေးထဲရောက်သွားပြန်တော့ ဆရာကြီးတစ်ယောက် သြဝါဒ
mgyoe.com

mgyoe.com
ပေးရင် "အမြဲတမ်းဈေးဖြစ်စေချင်တယ်" လို့ ပြောတာကို သွားသတိရမိတယ်။ ရာသီစာ သီးနှံတွေ လတ်လတ်ဆက်ဆက်စိမ်းစိမ်းစိုစိုကြားထဲက ဈေးသည်တွေရဲ့မျက်နှာတွေ ရွှင်ပြုံးနေကြတာ သတိပြုမိတယ်။ ဈေးလေးက သန့်ရှင်းသပ်ရပ်လိုက်တာလို့ အဝေးက မိတ်ဆွေတွေ မှတ်ချက်ချကြတယ်။ ရောက်တာ နှစ်ရက် သုံးရက်ရှိပြီဆိုတော့ ဆွေမျိုးတွေလည်းသိ၊ သူစိမ်းတွေလည်း ရင်းနှီး၊ ထန်းစဉ်လှရွာက ဈေးသည်တွေ၊ ကလေးတွေက နှုတ်ဆက်နဲ့ အတော်ပျော်စရာကောင်းနေပေမယ့် ဒီနေ့ညနေပြန်တော့မယ့်အကြောင်း နှုတ်ဆက်ရတယ်။

နေ့ခင်းဟောပြောပွဲမှာ ဆေးရုံက ဆရာဝန်၊ ဆရာမတချို့လာပြီး နားထောင်ကြတာနဲ့ ကိုယ်လည်း ဆေးရုံမိသားစုဝင်တစ်ယောက်ဖြစ်တဲ့အကြောင်း မိတ်ဆက်ရတယ်။ ဖခင်ကြီးအလွမ်းပြေ ဆေးရုံလေးကိုသွားကြည့်တော့ ဧည့်သည်ရောက်နေလို့ အလုပ်ရှုပ်နေကြ၊ အစည်းအဝေးထိုင်နေကြတာ တွေ့ရတယ်။ ဟိုတုန်းက ဆရာဝန်တစ်ယောက်လောက်ပဲ ရှိပေမယ့် အခု ဆရာဝန်လေးငါးယောက်၊ သွားဆရာဝန်လည်းရှိ၊ သူနာပြုတွေလည်း အားပြည့်နဲ့မို့ ဒေသခံတွေ ဝိုင်းဝန်းအားကိုးရာဖြစ်လာပြီး ဆေးဝါးလည်း အခမဲ့ယူနိုင်ကြတယ်။ ဒေသခံတွေရဲ့ တတ်အားသမျှ ဝိုင်းဝန်းကူညီမှုတွေလည်း ရရှိတယ်ဆိုလို့ အတော်ကြည်နူးခဲ့၊ ဂုဏ်ယူခဲ့ရပါတယ်။ ဆေးရုံမှာ အဆောက်အဦတွေတိုးနေတဲ့အပြင် ရုပ်မြင်သံကြားနဲ့ ဖတ်စရာစာစောင်တွေကိုပါစီစဉ်ပေးထားတာတွေ့ရတယ်။ ကိုယ့်ရပ်ကိုယ့်ရွာရောက်လာတဲ့ ဆရာဝန် ဆရာမတွေ၊ ကျန်းမာရေးဝန်ထမ်းတွေ ပျော်ရွှင်စွာနဲ့ တာဝန်ထမ်းဆောင်နိုင်ကြပါစေလို့လည်း ဆုတောင်းခဲ့ပါတယ်။ ငါန်းဖွန်က ပြန်လာပေမယ့် အပြန်ခရီး ကားပေါ်မှာ ရန်ကုန်ဂိတ်ရောက်တဲ့အထိ ရှေ့ဆက်လုပ်စရာ ပညာရေး၊ ကျန်းမာရေးနဲ့ ဒေသဖွံ့ဖြိုးရေးကိစ္စတွေ ဆွေးနွေးလို့ ကောင်းနေခဲ့ပါကြောင်း။

၇.၁.၂၀၁၄

❑

mgyoe.com

mgyoe.com

# ပျော်နေ ဒါပေမဲ့ မောနေ

ဒီရက်ပိုင်းတွေမှာ အာစရိယပူဇော်ပွဲတွေ အတော်များတာကို သတိထားမိပါတယ်။ မြို့နယ်အသင်းတွေ၊ ကျောင်းသားဟောင်းတွေ လှုပ်လှုပ်ရှားရှားရှိနေကြတဲ့ အချိန်ပါ။ ကိုယ်တိုင်လည်း ကန်တော့ရတဲ့ အခမ်းအနားတွေနဲ့ ကြုံကြိုက်သလို အကန်တော့ခံရတဲ့ အခမ်းအနားတွေလည်း ကြုံကြိုက်လာလေတော့ အသက်အရွယ် အတန်အသင့် ရခဲ့ပြီလို့ ဆိုရမှာပါ။ ကိုယ်တိုင်တာဝန်ယူရတဲ့ အာစရိယပူဇော်ပွဲတစ်ခုကိုတော့ နှစ်နှစ် တစ်ကြိမ် လုပ်နေရာက တစ်နှစ်တစ်ကြိမ် လုပ်နိုင်အောင် ကြိုးစားရာမှာ တပည့်ဟောင်းတွေအားလုံး ဝိုင်းဝန်းကြိုးပမ်းကြမှုနဲ့ ဆရာ၊ ဆရာမတွေရဲ့ ဘုန်းကံကြောင့် အောင်အောင်မြင်မြင်ဖြစ်သွားတာ အတော် ဝမ်းသာစရာကောင်းတယ်။ ကိုယ်တိုင်အကန်တော့ခံရတဲ့ ပွဲတစ်ပွဲကတော့ လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်လောက်က တပည့်ဟောင်းတွေစုပေါင်းပြီး တတိယအကြိမ် ကန်တော့ကြတာပါ။ အနယ်နယ်အရပ်ရပ်က တပည့်တွေက သူတို့ မိသားစုတွေကိုပါ ခေါ်လာကြပြီး သူငယ်ချင်းတွေ ဝမ်းသာအားရ ပျော်ပျော်ရွှင်ရွှင် တွေ့ဆုံကြတဲ့ပွဲပါ။ ကိုယ်ကျင်လည်ရာ နယ်ပယ်တွေမှာ အတန်အသင့်အောင်မြင်မှုတွေ ရရှိခဲ့ကြသူတွေ ဖြစ်ပေမယ့် ဆရာ၊ ဆရာမတွေ၊ သူငယ်ချင်းတွေနဲ့တွေ့တဲ့အခါ လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါးကြီး ဆင်နွှဲကြတာမို့ ပင်ပန်းမှာ အိပ်ရေးပျက်မှာကြောက်တဲ့ကိုယ်တောင်မှ အတော်မိုးချုပ်ခဲ့ပြီး ပွဲတွေ မဆက်မီ တိတ်တိတ်လေး ပြန်ပြေးခဲ့ရတယ်။

အံ့သြစရာကောင်းတာက ကိုယ် မချယ်လှယ်ရ၊ ကိုယ့်လက်အောက်မှာ မလုပ်တာနဲ့

mgyoe.com

mgyoe.com

ပဲ ဆရာ၊ ဆရာမ ကန်တော့တဲ့ကိစ္စ၊ သူငယ်ချင်းအချင်းချင်း ဆုံတွေ့ကြတဲ့ ကိစ္စကို ကန့်ကွက်ချင်ကြ၊ ဆန့်ကျင်ချင်ကြ၊ ဖျက်ဆီးချင်ကြတာတွေတွေ့ရတဲ့အခါ ဒီလို မွန်မြတ်တဲ့ လုပ်ငန်းကို ဘယ်လို စိတ်ဓာတ်မျိုးတွေနဲ့များ ကဖျက်ယဖျက်လုပ်ချင်ကြပါလိမ့်လို့ အတော်အံ့သြမိတယ်။ နာမည် တည်ဆောက်ချင်တာ၊ ဂုဏ်သိက္ခာ တည်ဆောက်ချင်တာ ဆိုရင်လည်း ကိုယ်တည်ဆောက်ချင်တိုင်းဖြစ်တာမဟုတ်။ စေတနာမပါဘဲ တည်ဆောက်ဖို့ ကြိုးစားကာမှ နာမည်ပျက်ရတဲ့ကိန်းတွေ တွေ့ကြုံရတတ်တယ်ဆိုတာသတိထားဖို့ ကောင်းတယ်လို့ ဆင်ခြင်မိတာပါပဲ။

နောက်တစ်ပွဲကတော့လွန်ခဲ့တဲ့ ဆယ့်လေးငါးနှစ်အတွင်း ဆုံခဲ့ကြတဲ့သူတွေရဲ့ အာစရိယပူဇော်ပွဲနဲ့ ညစာစားပွဲပါ။ ဒီမှာတော့ ရန်ကုန်လို ဒေသကလူတွေ များပေမယ့် သင်တန်းကာလ သုံးလလောက်ပဲ ရှိခဲ့တာဆိုတော့ ဆရာ တပည့်နဲ့သင်တန်းသား အချင်းချင်းရဲ့ ဆက်ဆံရေးက သိပ်ပြီး နွေးထွေးခိုင်မာမှု မရှိလှဘူး။ သင်တန်းကာလအတွင်း ရင်းနှီးမှုတွေက ကြာလာတဲ့အခါ မေ့ပျောက်သွားပြီး ဘယ်ရောက်လို့ ရောက်မှန်းမသိ၊ ဘယ်ရောက်လို့ ရောက်မှန်းလဲမသိ။ သင်တန်းသားတွေနဲ့ ရင်းရင်းနှီးနှီးနေခဲ့တဲ့ ကိုယ့်ကိုတောင်မှ တချို့က သင်တန်းဆရာလို့ မမှတ်မိ၊ သူတို့ရဲ့ သူငယ်ချင်းလို့ မှတ်ထင်ကြတာကို တွေ့ရတယ်။

နောက်တစ်ခုကတော့ ဌာနဆိုင်ရာတစ်ခုရဲ့ အရိပ်အောက်မှာလုပ်ကြတော့ ဌာနဆိုင်ရာရဲ့ လုပ်ထုံးလုပ်နည်းတွေ အတိုင်းပုံတူကူး၊ ရာထူးတွေ အဆင့်အတန်းတွေခွဲ၊ အာဏာရှိတဲ့သူကို အတွေ့အကြုံရှိ ဝါရင့်ဆရာကြီး၊ ဆရာမကြီးတွေရဲ့ အမြင့်မှာ နေရာပေးလို့ပေး၊ ဆရာကြီး၊ ဆရာမကြီးတွေက အစောကြီးရောက်နေပြီး လမ်းပိတ်မိနေတဲ့ တာဝန်ရှိသူကို တစ်နာရီ စောင့်လို့ စောင့်ရနဲ့၊ လွတ်လွတ်လပ်လပ် နေချင်တဲ့ကိုယ်နဲ့ တော်တော်အဆင်မပြေပါဘူး။ ဒါပေမဲ့ သူတို့ ပင်ပင်ပန်းပန်း လုပ်နေရရှာတာ သိတော့သည်းခံပါတယ်။ ဒီလို ဟန်တွေ ပန်တွေနဲ့ လုပ်တဲ့ပွဲမျိုး မတက်ချင်ပေမယ့် ကိုယ် တွေ့ချင်တဲ့သူတွေနဲ့တွေ့ရအောင် ကိုယ့်ကို တွေ့ချင်တဲ့သူတွေလည်း တွေ့ရအောင် ပင်ပန်းနေတဲ့ကြားထဲက ကြိုးစားပြီးသွားပါတယ်။ သင်တန်းသားဟောင်းတွေနဲ့ တွေ့၊ အိမ်ထောင်ကျကြ၊ သားသမီး ရကြ၊ နေရာဒေသ ပြောင်းရွှေ့ကြတာတွေ အချက်အလက်တွေ အသစ်ပြန်ဖြည့်ကြခွင့်လည်း ရှိပါတယ်။ ကိုယ့်ရဲ့ထူးခြားချက်က အနှစ်နှစ်ဆယ်လောက်က လူအတော်များများကို မှတ်မိပေမယ့် ဆယ်နှစ်လောက်က လူအတော်များများကိုတွေ့တော့ 'မမှတ်မိဘူး' လို့ ဖြေရတာ များတာဟာ ကိုယ်မှတ်ဉာဏ်နည်းလို့လို့ မထင်ချင်တာပါပဲ။

❑

mgyoe.com

mgyoe.com

# အတိတ်နဲ့ အနာဂတ်- ပစ္စုပ္ပန်မှာ လွန်ဆွဲ

အိုင်တီနယ်ပယ်မှာ ဘာတွေများ ပြောင်းလဲနေသလဲ၊ ဘာတွေ တိုးတက်နေသလဲ ဆိုတာတွေကို လက်လှမ်းမီသမျှလေ့လာဖြစ်ပါတယ်။ ပထမဆုံးထူးခြားချက်က အများပိုင် လုပ်ငန်းကြီးတစ်ခုက အဆောက်အဦတွေ တိုးချဲ့ဆောက်လုပ်ငှားရမ်းနိုင်ပြီး ထူးထူးခြား ခြား အမြတ်ဝေစုတွေ ပေးနိုင်တယ်ဆိုတဲ့ သတင်းပါပဲ။ ဒီကြားထဲမှာ အိုင်တီလောကက၊ တိုင်းပြည်ဝင်ငွေကို ဘယ်လောက်ဖြည့်ဆည်းပေးနိုင်တယ်ဆိုတာ ကဏ္ဍတစ်ရပ်အဖြစ် ပေါ်လွင်စေချင်တယ်ဆိုတဲ့ စကားကိုကြားရပါတယ်။ ဒါဟာလည်း တကယ်တော့ ပထမ ဆုံးအကြိမ် ကြားရတဲ့စကား မဟုတ်ပါဘူး။ အိုင်တီလုပ်ငန်းတွေဟာ မီးခိုးတွေမထွက်တဲ့ စက်ရုံတွေဖြစ်ပြီး နိုင်ငံခြားငွေ ဘယ်လိုရှာပေးနိုင်တယ်ဆိုတဲ့စကားကို ဆယ်စုနှစ်နဲ့ချီပြီး ပြောခဲ့ကြတာပါ။ တကယ်တမ်းမှာလည်း ပြည်ပထွက်ပြီး ဝင်ငွေရှာတဲ့သူတွေ အများကြီး ရှိခဲ့ပါတယ်။ အဲဒီအိုင်တီလုပ်ငန်းတွေဟာ ပြည်ပက လုပ်ငန်းတွေကနေ ဘယ်လောက် ဝင်ငွေရနေပြီလဲလို့ တာဝန်ရှိသူတစ်ယောက်က မေးမြန်းရာမှာ အဲဒီလုပ်ငန်းတွေ အများကြီး လုပ်ဆောင်နေတဲ့ လုပ်ငန်းရှင်တစ်ယောက်က ရှောင်တိမ်းပြောဆိုသွားတာ တွေ့ခဲ့ဖူးပါ တယ်။ ဒီတော့ တိုင်းပြည်ဝင်ငွေကို ဘယ်လောက်ရှာပေးနေတယ်ဆိုတာ ကိုယ်ကလည်း ပြောချင်မှ ဖြစ်တာပါလို့ ဆင်ခြင်မိပါတယ်။

အိုင်တီလုပ်ငန်းတွေနဲ့ ပတ်သက်ရင် အစိုးရဟာ အကြီးဆုံးသော ဖောက်သည်၊ အသုံးစရိတ် အများဆုံးသုံးစွဲနိုင်တဲ့သူလို့ သတ်မှတ်ထားတဲ့အတွက် အစိုးရကို ဦးတည်ပြီး တာဝန်ယူဖို့ အိုင်တီရဲ့ အရေးပါမှုကို လက်ခံရုံနဲ့မပြီး။ နေရာပေးဖို့ဆိုတဲ့ စကားတွေက လည်း အခွန်လျှော့ပေးဖို့၊ ချေးငွေပေးဖို့၊ ထောက်ပံ့ကူညီဖို့ဆိုတဲ့ စကားတွေနဲ့အတူ ထပ်တလဲလဲ ကြားခဲ့ရပါတယ်။ တစ်ဖက်မှာ ကိုယ့်လုပ်ငန်းတွေက အစိုးရရဲ့ လုပ်ငန်းတွေ ကို ဘယ်လောက်အထောက်အကူဖြစ်ခဲ့တယ်၊ ကိုယ့်ရဲ့ တာဝန်ယူမှု ဘယ်လောက်ရှိခဲ့တယ်၊
mgyoe.com

mgyoe.com
ရရှိနေတဲ့၊ ရရှိခဲ့တဲ့ အခွင့်အရေးတွေ၊ ဘာတွေဖြစ်နေတယ် ဆိုတာမျိုး ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားရေးတွေမှာ ဘာတွေ ဘယ်လို ဆောင်ရွက်နေကြသလဲဆိုတာတွေ မကြားရပြန်ပါဘူး။

ထူးခြားတာ နောက်တစ်ခုကတော့ ယခုအခါ နိုင်ငံခြားလုပ်ငန်းကြီးတွေလည်း ဝင်လာကြလေတော့ သူတို့နဲ့ ပူးပေါင်းဆောင်ရွက်ချင်တယ်လို့ ပြောတဲ့အသံကိုလည်း ကြားရပါတယ်။ တကယ့်လက်တွေ့မှာ၊ အဲဒီလုပ်ငန်းကြီးတွေက သူတို့ တကယ်လုပ်ချင်တဲ့ လုပ်ငန်းတွေကို ကိုယ်တိုင် စနစ်တကျ လုပ်ဆိုပြီး လက်တွဲလုပ်ရမယ့်ကိစ္စတွေဆိုရင်လည်း စတင်လက်တွဲလုပ်ဆောင်နေတဲ့စကားကို တိုးတိုးတိတ်တိတ် ကြားခဲ့ရပါတယ်။

တကယ့်တကယ် ပရိုဂရမ်တွေရေးဆွဲဖို့၊ လုပ်ငန်းတွေ အပ်နှံဖို့မှာ ပြည်တွင်း ဝန်ထမ်း အားမကိုးရ။ ပြည်တွင်းလုပ်ငန်းကလည်း လုပ်ငန်းကို ပြီးအောင်လုပ်မပေးနိုင်၊ ပြည်ပက လုပ်ငန်းတွေကို အပ်နှံတဲ့အခါ ကိုယ့်လိုအပ်ချက်နဲ့ မကိုက်ညီဆိုတဲ့ လုပ်ငန်းရှင် တွေဘက်က ပြောတဲ့အသံတွေက အိုင်တီလုပ်ငန်းရှင်တွေရဲ့ နားကို ဘယ်လောက်အထိ ထိုးဖောက်နိုင်တယ် မပြောတတ်ပါဘူး။ အင်တာနက်အသုံးပြုမှု နည်းနေတယ်၊ အင်တာ နက် အသုံးပြုရတာ နှေးနေတယ်ဆိုတဲ့ ကြားထဲက အင်တာနက်ဆိုတာ မသိ၊ ဖေ့စ်ဘုတ်ပဲ သုံးတယ်ဆိုတဲ့လူတွေ များပြားလာတာဟာ အခွင့်အလမ်းတစ်ခုဖြစ်သလို ဇရာမစိန် ခေါ်မှုကြီးလည်း ဖြစ်လာပါတယ်။ သူများဆီမှာ ယဉ်ပါးပြီးသား အလေ့အကျင့်တစ်ခုကို ကိုယ်ကစိမ်းနေသေးတဲ့အတွက် တွေ့ကြုံရမယ့် စိန်ခေါ်မှုတွေကလည်း သေချာပေါက် ရှိနေတယ်။ ဖေ့စ်ဘုတ်သုံးတဲ့သူတွေ၊ သိစရာ ဖတ်စရာတွေ တိုးပွားအောင် လုပ်ပေးရမယ့် ကိစ္စကလည်း ခပ်သေးသေး မဟုတ်ပါဘူး။

အပြောင်းအလဲတွေ နှေးကွေးတယ်ဆိုတဲ့ကြားထဲက အမြန်ဆုံး အပြောင်းအလဲနဲ့ တွေ့ကြုံရတဲ့အခါ အဆင်သင့်မဖြစ်သေးတာက အပြောင်းအလဲမှာ အနှေးကွေးဆုံး ဖြစ်တဲ့၊ ကိုယ်ရယ်၊ ကိုယ့်လုပ်ငန်းခွင်ရယ် ဖြစ်နေလေမလားဆိုတာ ကြားဖူးနေကျစကားတွေ ထပ်တလဲလဲ ကြားအပြီးမှာ တွေးမိပါတယ်။ အခွင့်အလမ်းသစ်တွေ ရယူခံစားနေကြတဲ့ သူတွေ အသံတိတ်နေကြပြီး စိန်ခေါ်မှုတွေအဖြစ် ရှုမြင်ရင်ဆိုင်နေတဲ့သူတွေဆီက အသံတွေ ကျယ်နေတတ်တာဟာ ဒီနယ်ပယ်၊ ဒီလောကတစ်ခုတည်း မဟုတ်တာလည်း အသေအချာ ပါပဲ။ ဝါးလုံးခေါင်းထဲလသာ ကြက်ဆူပင်မင်းမူတဲ့ခေတ်ကလည်း ဘယ်တော့မှ မကုန်ဘူး ထင်ပါရဲ့။

၂၄-၃-၂၀၁၄

❑

mgyoe.com

mgyoe.com

# ၂၀၁၃ ကို ဖြတ်သန်းခြင်း

ကိုယ့်အကြောင်းပြောရတာ သိပ်မကောင်းဘူး။ ဒါပေမဲ့ ကိုယ် ဖြတ်သန်းခဲ့၊ ရေးသားခဲ့တာတွေကလည်း တိုင်းရေးပြည်ရေး စီးပွားရေးဆိုတော့။ ၂၀၁၃ ခုနှစ်စမှာ မလေးရှားနိုင်ငံရောက်နေခဲ့တယ်။ မလေးရှားက ကွာလာလမ်ပူနဲ့ ဂျဟိုးမှာ စာပေဟောပြော ပွဲနှစ်ခု လုပ်ခဲ့တယ်။ တကယ်က မိုးလေဝသဆရာ ဦးထွန်းလွင် နေမကောင်းလို့ လူအစား ထိုးရင်းနဲ့ ပါသွားပုံရပါတယ်။ ပြီးတော့ ဟောင်ကောင်တစ်ခေါက်၊ တရုတ်–ယူနန်– ကွေ့ကျိုးနဲ့ပီကင်းကို စုစုပေါင်း ၄ ခေါက်၊ ထိုင်းနိုင်ငံကို တစ်ခေါက်ရောက်ဖြစ်တယ်။ တရုတ်နိုင်ငံကိုအသွားများသလို တရုတ်နိုင်ငံက ဧည့်သည်တွေ စာနယ်ဇင်းတွေကိုလည်း မကြာခဏတွေ့ရပါတယ်။ တရုတ်နိုင်ငံက မြန်မာနိုင်ငံအပေါ် စိတ်ဝင်စားတာတွေ၊ တိုးပွား လာတာကို ပြသနေပါတယ်။ ဒါပေမဲ့ ထိတွေ့မိသမျှကတော့မြန်မာအကြောင်း မသိသေး တာ။ မြန်မာအကြောင်း နားမလည်သေးတာတွေ အများကြီးရှိနေပြီး စောစောစီးစီး မြန်မာ နိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ခဲ့တာဟာ အခုအခါမှာ ကောင်းကျိုးထက် ဆိုးကျိုးတွေ ပိုမိုတွေ့ကြုံနေရတယ်လို့ မြင်မိပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း တရုတ်နိုင်ငံကို အများ ကြီးနားလည်ဖို့ကြိုးစားကြရဦးမှာပါ။

၂၀၁၃ နှစ်ထဲမှာ ကိုယ် ဘာတွေလုပ်ခဲ့တယ်ဆိုတာ ဒိုင်ယာရီမရေးထားလို့ ဒိုင်ယာရီကို ပြန်ကြည့်လို့ မရဘူး။ ကောင်းတာကတော့ အင်တာနက်သုံးတဲ့ Facebook က အကြီးကျယ်ဆုံးကိစ္စနှစ်ဆယ်ဆိုပြီး စာရင်းချပြထားတယ်။ အဲဒီထဲမှာ မတ်လလောက် က တာချီလိတ်ဘက် ဟောပြောပွဲသွားတာ နယ်စပ်ဒေသတစ်ခုကို တွေ့ကြုံခံစားတာ၊ မယ်ဆိုင်ဘက် သွားရောက်လေ့လာခွင့်ရခဲ့တာတွေ ပြန်သတိရတယ်။ တာချီလိတ်က မိတ်ဆွေတွေက အင်တာနက် ကောင်းကောင်းသုံးကြတော့ မသွားခင်မှာ အင်တာနက်ကနေ

mgyoe.com

mgyoe.com
အဆက်အသွယ်ရနေသလို ကိုယ်ဟောပြောခဲ့တာကို Youtube မှာတင်ထားလို့ အဝေးက လူတွေပါ နားထောင်ခွင့်ရကြတာအမှတ်တရပါပဲ။

ဒီနှစ်ထဲမှာ ဘာသာပြန်တာရော၊ ကိုယ်ပိုင်ရေးတာတွေရော အတော်လေးရေးဖြစ်ခဲ့ပါတယ်။ မနှစ်က ရေးခဲ့တာတွေကတော့ စာအုပ်နှစ်အုပ် ထွက်လာပါတယ်။ ဧပြီလ လောက်တုန်းက ရင်းနှီးမြှုပ်နှံသူတွေ သိပ်မလောကြဖို့ ဆွေးနွေးထားတဲ့ ဆောင်းပါး တစ်ပုဒ်ကို ဘာသာပြန်ဖြစ်တယ်။တစ်ဦးကျဝင်ငွေ အနိမ့်ဆုံးနိုင်ငံတစ်နိုင်ငံမှာ စရိတ်တွေ ကြီးပြီး မြေဈေးတွေ၊ မြေငှားခတွေတက်နေတာ၊ မြန်မာကျပ်ငွေ ဈေးတက်နေတာ၊ မြေဈေး ကျဖို့ အကြောင်းမမြင်သေးတာ၊ ဈေးငွေအချိုးအစားနည်းနေသေးတာတွေ ထောက်ပြထား တယ်။ လုပ်ငန်းငယ်ငယ်နဲ့စ၊ အရှုံးခံနိုင်ရင်လုပ်လို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို အကြံပေးထားတယ်။ ဒီနှစ်ထဲမှာ သမ္မတကြီးရဲ့ စီးပွားရေးအကြံပေးဆရာကြီး ဦးမြင့်ရဲ့ စာတမ်းတွေကို အတော်လေး ဘာသာပြန်ဖြစ်ခဲ့တယ်။ မေလဆန်းလောက်က ဘာသာပြန် တဲ့စာတမ်းမှာ အရေအတွက်သာမက အရည်အသွေးတိုးတက်မှုရဖို့ သန္နိဋ္ဌာန်ချထားတဲ့ အကြောင်း ပြည်တွင်းမှာ မူဝါဒကောင်းကောင်းမရှိ၊ အခြေခံပြုပြင်ပြောင်းလဲမှုတွေ မလုပ် ဘဲနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကြောင့် စီးပွားရေးအခြေအနေတွေ ထူးဆန်းအံ့သြလောက် အောင် ပြောင်းလဲသွားမှာ မဟုတ်တဲ့အကြောင်း၊ မြန်မာနိုင်ငံရဲ့ မူဝါဒသောင်တွေခိုင်ခိုင်မာမာ တောင့်တောင့်တင်းတင်းမရှိ၊ စိတ်ချယုံကြည်စရာမဟုတ်ရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေ စိတ်ချလက်ချဝင်လာမှာမဟုတ်။ အရင်းအနှီးတွေ၊ နည်းပညာတွေ၊ ဈေးကွက်တွေ ယူလာ နိုင်မှာမဟုတ်။ ပြီးတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကနေရတဲ့ အသီးအပွင့်တွေကို အခွင့်ထူးခံ လူတစ်စုပဲခံစားရပြီး မြန်မာပြည်သူလူထုက မခံစားရရင်လည်း ကျေနပ်နိုင်ကြမှာမဟုတ်ဘူး ဆိုတာ ရေးထားတာတွေ့ရပါတယ်။ ပြည်တွင်းက ပညာရှင်နဲ့ ပြည်ပက လေ့လာဆန်းစစ် သူတွေ သဘောထားချင်း တိုက်ဆိုင်မှုရှိတယ်လို့ဆိုရမှာပါ။

မေလထဲမှာ ကိုယ်လက်လှမ်းမီသမျှ အတွေ့အကြုံ၊ အတွေးအမြင်ကို အခြေခံပြီး ကမ္ဘာ့စီးပွားရေးအဝန်းအဝိုင်းအတွင်း ပြန်လည်ရောက်ရှိတာနဲ့ပတ်သက်လို့ သုံးသပ်ခဲ့ပါ တယ်။ ကမ္ဘာ့စီးပွားရေးအတက်အကျ၊ အပြောင်းအလဲ၊ အကောင်းအဆိုးတွေရဲ့ အကျိုး သက်ရောက်မှုကို မြန်မာနိုင်ငံကပိုမိုခံစားရမယ်လို့ အဓိပ္ပာယ်ကောက်ခဲ့ပါတယ်။ ဇွန်လထဲ မှာ နေပြည်တော်မှာ ကမ္ဘာ့စီးပွားရေးဖိုရမ်လုပ်တယ်။ သွားမတက်နိုင်ပေမယ့် အင်တာနက် ကနေ ကြည့်နေနိုင်တယ်။ ဒီမှာလည်း တိုးတက်မှုကို အလယ်ကလူတွေ လယ်သမားတွေ မခံစားနိုင်ကြမှာစိုးရိမ်ပြီး သူတို့အရေးကို ထည့်စဉ်းစားဖို့ ဆင်းရဲသားတွေ မတရား အနိုင် ကျင့်ခံရစေတဲ့ဥပဒေနဲ့ လုပ်ထုံးလုပ်နည်းတွေရဲ့ အားနည်းချက်တွေကို ဖယ်ရှားပေးဖို့
mgyoe.com

mgyoe.com
ပြောဆိုတာတွေ့ရပါတယ်။လူ့အခွင့်အရေးနဲ့ တိုင်းရင်းသားတွေနဲ့ ဖြစ်နေတဲ့ ပဋိပက္ခတွေကိုလည်း စိုးရိမ်ပူပန်ဆဲဖြစ်တဲ့အကြောင်း ပြောဆိုဆွေးနွေးကြတာကို ပြန်လည်ဖောက်သည်ချခဲ့ပါတယ်။

ဇွန်လလောက်မှာပဲ လပေါင်းအတော်ကြာ အဆက်ဖြတ်နေခဲ့တဲ့ Sky Net ရုပ်မြင်သံကြား Up to date အစီအစဉ်မှာ ကမ္ဘာ့စီးပွားရေးဖိုရမ် နောက်ပိုင်းဖြစ်ထွန်းမှုတွေနဲ့ ပတ်သက်လို့ အပတ်စဉ်ပြောဆိုဆွေးနွေးမှုတွေ ပြန်လုပ်ဖြစ်ခဲ့ပါတယ်။ နောက်ကျတော့ Business Talk လို့နာမည်ပေးပါတယ်။ အပတ်စဉ်ဆိုပေမယ့် တစ်ခါတလေကျ သူ့တခြားအစီအစဉ်တွေနဲ့ ပြည့်နေတဲ့အခါ အပတ်စဉ်လွှင့်ဖြစ်ပုံမရသလို နှစ်ဦးနှစ်ဖက် တစ်ဖက်ဖက်က မအားလပ်တဲ့အခါ ရိုက်ကူးရေးမလုပ်ဖြစ်တာတွေလည်း ရှိခဲ့ပါတယ်။ တစ်ပြိုင်နက်ထဲမှာ FM အသံလွှင့်ဌာနနှစ်ခုဖြစ်တဲ့ ချယ်ရီနဲ့ ပတ္တမြားတို့ကလည်း အပတ်စဉ်စီးပွားရေးသုံးသပ်ချက်တွေ ဆွေးနွေးဖြစ်ခဲ့ပါတယ်။ ကိုယ်တာဝန်ယူတဲ့ ဂျာနယ်တစ်စောင်မှာအင်တာနက်ပေါ်က ဆောင်းပါးတစ်ပုဒ်ကိုထည့်မိရာမှ ဘယ်သူ့မှ ထိခိုက်မှုမရှိပေမယ့်အငြင်းပွားစရာ ဆောင်းပါးတစ်ပုဒ်နဲ့ ဆွဲစေ့ပြီး စုံစမ်းမေးမြန်းခံရတာလည်း အမှတ်တရပါပဲ။ ဒီအထဲမှာ ဗိုလ်ချုပ်အောင်ဆန်းကို အတုခိုးသလား၊ အားကျသလားလို့ အမေးထွက်လာလို့ ဗိုလ်ချုပ်ကို အားနာတဲ့အကြောင်း ပြန်ရေးရပါတော့တယ်။

မြန်မာနိုင်ငံမှာ အများဆုံးကြားရတဲ့ နောက်ပြန်လှည့်တဲ့ကိစ္စနဲ့ပတ်သက်လို့ လုပ်တဲ့သူက ရှေ့တက်ဖို့လိုသလို ကြည့်တဲ့သူကလည်း မျက်လုံးအသစ်နဲ့ကြည့်ဖို့ ရှေ့တိုးတာ၊ နောက်ဆုတ်တာကို ဘာနဲ့တိုင်းမှာလဲ။ ကိုယ့်အကျိုးလား အများအကျိုးလား၊ အများအကျိုးယောင်ဆောင်ထားတဲ့ ကိုယ်ကျိုးစီးပွားလားလို့ အမေးထုတ်ခဲ့ပါတယ်။ ဇူလိုင်လထဲမှာ ဒီဆောင်းပါးကိုရေးခဲ့တာပါ။ စက်တင်ဘာလထဲမှာ အိုအီးစီဒီအဖွဲ့ရဲ့ မြန်မာနိုင်ငံအပေါ် ဘက်စုံသုံးသပ်ချက်ကိုနားထောင်ရ၊ ဖတ်ရှုရပါတယ်။ ဒီနှစ်ထဲမှာ မြန်မာနိုင်ငံကိုအစိုးရဌာန၊ ကုန်သည်နဲ့ လုပ်ငန်းရှင်တွေ၊ ပြည်သူတွေ၊ အရပ်ဘက် အဖွဲ့အစည်းတွေကိုလေ့လာကြ၊ မေးမြန်းကြ။ စစ်တမ်းထုတ်ကြတာတွေ အတော်များပါတယ်။ သူတို့ရဲ့သုတေသနစာတမ်းတွေ၊ အကြံပြုချက်တွေကို အတော်လေးဖတ်ရပါတယ်။ အိုအီးစီဒီ၊ အေဒီဘီ၊ ကမ္ဘာ့ဘဏ်၊ အိုင်အမ်အက်ဖ်အပါအဝင် အဖွဲ့အစည်းပေါင်းစုံက ဘာသာရပ်အမျိုးမျိုး၊ ရှုထောင့်အမျိုးမျိုးကနေ မြန်မာနိုင်ငံကို လေ့လာဆန်းစစ်မှုတွေ ပြုလုပ်ခဲ့ကြတာပါ။ ဇူလိုင်လထဲမှာ တက္ကသိုလ်က ရင်းနှီးတဲ့မိတ်ဆွေတစ်ယောက် တာဝန်ကြီးကြီးအပေးခံရတယ်။ တက္ကသိုလ်အတွက် လုပ်ပေးနေတုန်း အရှိန်လျော့သွားလို့ နှမြောမိတယ်။ သူတာဝန်ထမ်းဆောင်မကြာမီမှာ တစ်နေရာက လက်ခုပ်သြဘာပေးသံကြားရသလို နောက်
mgyoe.com

mgyoe.com
တစ်နေရာက ပြစ်တင်ရှုတ်ချသံ ကြားရပြန်တာ လောကဓံရဲ့သဘောပဲထင်ပါရဲ့။

၂၀၁၃ မှာ အပတ်စဉ်ဂျာနယ်တွေအပြင် နေ့စဉ်ထုတ်သတင်းစာတွေ ပေါ်ပေါ်လာတော့ လောဘကြီးတဲ့သူပီပီ လက်လှမ်းမီသမျှ လိုက်ဖတ်ပါတယ်။ တစ်ခါတစ်ခါ တစ်ရက်စာကို ဖတ်လို့မကုန်ပါဘူး။ အရေးအသားတွေကလည်း သူ့ထက်သူ လူစွမ်းကောင်းလုပ်ပြီး အပြိုင်အဆိုင်ရေးကြသားကြတာ လက်ဖျားခါရလောက်ပါတယ်။ ဒီနှစ်ထဲမှာ သဘောအကျဆုံးအစီအစဉ်တွေက ကျောင်းသားဟောင်းတွေနဲ့ တွေ့ဆုံပြီးဆရာ– ဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေရဲ့ သာရေးနာရေးကိစ္စတွေ ဆောင်ရွက်ခွင့်ရတာပါပဲ။ ကိုယ့်မြို့နယ်က သာရေးနာရေးကိစ္စတွေကိုလည်း အင်တာနက်ကနေတစ်ဆင့် တွေ့မြင်ခွင့်ရနေသလို ပါဝင်ခွင့်လည်းရနေတာကတော့ ဆက်သွယ်ရေးရဲ့ကျေးဇူးလို့ ပြောရမှာပါ။ အင်တာနက်နှေးနေတာဆိုတဲ့ သတင်းစကားတောင်မှ အင်တာနက်ပေါ်မှာ တင်လို့ရနေသေးတာကိုး။

ပညာရပ်ဆိုင်ရာဆောင်းပါးတွေကို တတ်စေချင်၊ သိစေချင်လို့ ဘာသာပြန်ပေးပေမယ့်ပညာရပ် အခြေခံမရှိတဲ့သူက နားလည်ဖို့ခက်တော့ စာဖတ်နည်းကြပေမယ့် အပင်ပန်းခံပြီး စုဆောင်း၊ ဖတ်မှတ်၊ ရေးသားပါတယ်။ ပင်ကိုရေးဆောင်းပါးတွေကို လူကြိုက်များတာသိရတော့ ဒီနှစ်ထဲမှာတတ်နိုင်သလောက် ရေးခဲ့ပါတယ်။ တစ်ခါတလေ ပင်ကိုရေးဆောင်းပါးတစ်ပတ်ကို နှစ်ပုဒ် သုံးပုဒ်လောက်ရေးခဲ့ပါတယ်။ စက်တင်ဘာလထဲမှာ ရှစ်လေးလုံးငွေရတုအထိမ်းအမှတ် ဆွေးနွေးပွဲမှာပြောကြားခဲ့တဲ့ ဆရာဦးမြင့်ရဲ့စာတမ်းမှာ အင်ဒိုနီးရှားကိုမီဖို့ အနှစ် ၂၀၊ ထိုင်းကိုမီဖို့၂၅ နှစ်၊ မလေးရှား ကိုမီဖို့ ၃၅ နှစ်ကြာမယ်။ စင်ကာပူကိုမီချင်ရင် ၄၆ နှစ်ကြာမယ်လို့တွက်ပြထားပါတယ်။ ကြွေးပြဿနာ၊ လယ်ယာမြေပြဿနာတွေ ဖြေရှင်းပေးဖို့လိုမယ်လို့ ဆွေးနွေးခဲ့တာတွေ့ရပါတယ်။

ဒီဇင်ဘာလမှာ အကြီးမားဆုံးပွဲက ၂၇ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲပါ။ ဘောလုံးစွမ်းရည်ဆိုတာ စီးပွားရေးစွမ်းရည်၊ ခေါင်းဆောင်မှုစွမ်းရည်၊ စီမံခန့်ခွဲမှုစွမ်းရည်၊ စည်းမျဉ်းစည်းကမ်းနဲ့ အဖွဲ့အစည်းဆိုင်ရာစွမ်းရည်တွေနဲ့ ဆက်စပ်နေတဲ့အကြောင်း သုံးသပ်တင်ပြခဲ့ပါတယ်။

Khin Maung Nyo(Economist) Senior Research Fellow,
Centre for Economic and Social Development,
Myanmar Development Resource Institute,Yangon

❑

mgyoe.com

mgyoe.com

# လမ်းတွေ မီးတွေကို ဘယ်သူတာဝန်ယူကြမလဲ

(၁)

လွန်ခဲ့သော အနှစ်နှစ်ဆယ်၊ နှစ်ဆယ့်ငါးနှစ်ခန့်ကစ၍ လမ်းတွေ တံတားတွေ အများကြီးဖောက်ခဲ့သည်။ ဥပမာ ပြည်လမ်းဆိုလျှင် ယခင်က ယခုလမ်း၏ တစ်ဝက်ခန့်သာရှိသည်။ ခြောက်မိုင်ခွဲတွင် လမ်းဘေးမှာရှိသော ကုက္ကိုပင်ကြီးတွေ၏ အမြစ်တွေပေါ် ထိုင်ခဲ့ဖူးသည်ကို မှတ်မိသည်။ ထိုလမ်းတွေ တံတားတွေဖောက်စဉ်၊ ချဲ့စဉ်က၊ ကားစီးရေ များများမရှိ။ ဘယ်ကားမှမရှိဘဲ လမ်းတွေချဲ့နေခြင်းကို ထိုအချိန်က ယတြာချေခြင်း၊ သို့မဟုတ် မဟာဗျူဟာမြောက် လမ်းတွေဖောက်ခြင်းဟု ရှုမြင်ခဲ့ကြသည်။ ဘောဂဗေဒ သဘောတရားအရဆိုလျှင် တစ်ဖက်တွင် လမ်းတွေ တံတားတွေကြောင့် သယ်ယူပို့ဆောင်ရေး ပိုကောင်းလာကာ တခြားတစ်ဖက်တွင် လူတွေလက်ထဲ ငွေရောက်အောင် လုပ်ပေးပြီး ယခုခေတ်အခေါ် စီးပွားရေးလှုံ့ဆော်သည့် လုပ်ရပ်မျိုးဖြစ်သည်။ လမ်းဖွင့်ပွဲတွေ၊ တံတားဖွင့်ပွဲတွေနှင့် ပတ်သက်သောသတင်းတွေက သတင်းစာတွေထဲမှာ အပြည့် တွေ့နေရသည်။

သို့သော် လွန်ခဲ့သောနှစ်နှစ် သုံးနှစ်ခန့်က တွေ့ရှိဖတ်ရှုလိုက်ရသော အစီအရင်ခံစာ တစ်ခုအရဆိုလျှင် မြန်မာနိုင်ငံရှိ လမ်းတံတားပမာဏသည် အခြားအိမ်နီးချင်းနိုင်ငံများနှင့် မနှိုင်းယှဉ်သာအောင် နိမ့်ကျနေသည်ကို တွေ့ရသည်။ ယခုလည်း လမ်းပန်းဆက်သွယ်ရေး ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်နေဆဲ။ အချို့သောလမ်းတွေ (ဥပမာ – ပုသိမ် ရန်ကုန်လမ်း)က လေဒဏ်၊ မိုးဒဏ်၊ ရေဒဏ်တွေကြောင့် နှစ်စဉ် ပြုပြင်ရပုံရသည်။

mgyoe.com

mgyoe.com

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန်ဟူသော ရည်ရွယ်ချက်ဖြင့် လာရောက်ကြသော အချို့နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူတို့က အခြေခံအဆောက်အအုံနှင့် လမ်းပန်းဆက်သွယ်ရေး အားနည်းသောကြောင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် တွန့်ဆုတ်ကြကြောင်း သိရသည်။ သို့သော်လည်း အချို့သော ရင်းနှီးမြှုပ်နှံသူများကမူ လျှပ်စစ်ဓာတ်အား၊ ရေ၊ လမ်းပန်း၊ ဆက်သွယ်ရေးနယ်ပယ်တို့သည် ရင်းနှီးမြှုပ်နှံရန်ကောင်းသော အခွင့်အလမ်းများအဖြစ် ရှုမြင်ကြသည်။ တကယ်တမ်းလည်း ပြည်သူပိုင်ကဏ္ဍက လုံးလုံးလျားလျား တာဝန်ယူနိုင်သည့် ဝန်ထမ်းနိုင်သည့် အခြေအနေမရှိသလို ပြည်တွင်းရင်းနှီးမြှုပ်နှံသူတွေကိုချည်း အားကိုး၍မရ၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ လိုအပ်သည်မှာလည်း အမှန်ပင်ဖြစ်သည်။ တစ်ဖက်တွင် ငွေဖောင်းပွမှုကို ထိန်းချုပ်၊ လိုငွေလျှော့ချရန် ကြိုးစားရသလို နိုင်ငံအတွက် ရေရှည်လိုအပ်သော အခြေခံအဆောက်အအုံများအတွက် လိုအပ်သောအသုံးစရိတ်တွေကို လျှော့ချရန် ခက်ခဲသည်။

(၂)

တကယ်တော့ လမ်းသစ်တွေ၊ လေဆိပ်တွေ၊ လျှပ်စစ်ဓာတ်အားတွေအတွက် အကုန်အကျခံရန် ကမ္ဘာတစ်ဝန်းလုံးတွင် လုံလောက်သော စုဆောင်းငွေရှိပုံမရ။ နယူးယောက်လေဆိပ်၊ လန်ဒန်တွင် ရုံးတက်ရုံးဆင်းချိန်၌ ရထားစီးခြင်း၊ အိန္ဒိယမှာ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု စသောသာဓကများသည် ကမ္ဘာ့အခြေခံအဆောက်အအုံ လိုအပ်ချက်များကို ပြသနေသည်။ ကမ္ဘာ့စီးပွားရေးဖိုရမ်၏ သုတေသနအရ လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေး၊ ဆက်သွယ်ရေးတို့အတွက် လက်ရှိကမ္ဘာ့အသုံးစရိတ်သည် တစ်နှစ်လျှင် ဒေါ်လာ ၂.၇ ထရီလီယံရှိရာ အမှန်တကယ်ဖြစ်သင့်သည်က ၃.၇ ထရီလီယံဖြစ်၍ ၁ ထရီလီယံ လိုအပ်နေသည်။ ထိုလိုအပ်ချက်သည် တောင်ကိုရီးယားနိုင်ငံ၏ ဂျီဒီပီနှင့် ညီမျှသည်။ နောင်တွင် ထိုလိုအပ်ချက်မှာ ကြီးမားသည်ထက် ကြီးမားလာနိုင်သည်ဟု တွက်ဆသည်။

ထိုအသုံးစရိတ်အများစုကို အစိုးရ၏ အိတ်ထောင်မှ စိုက်ထုတ်ကျခံရာ အသုံးစရိတ် ခြိုးခြံချွေတာနေရသော အစိုးရများပင်လျှင် အသုံးစရိတ် ပိုသုံးရန်လိုအပ်သည်။ အမေရိကန်နိုင်ငံတွင် စီးပွားရေးအခြေအနေမကောင်း၊ အတိုးနှုန်း နိမ့်ကျနေချိန်၌ အခြေခံအဆောက်အအုံများအတွက် အသုံးစရိတ်သည် နှစ်နှစ်ဆယ်အတွင်း အနိမ့်ဆုံးဖြစ်ခဲ့သည်။ ငွေကြေးချို့တဲ့သော ထွန်းသစ်စနိုင်ငံများသည်။ လောင်စာအတွက် ထောက်ပံ့ကြေးပေးခြင်းကဲ့သို့သော မထိရောက်သည့်ကိစ္စတွေလို လျှော့ချကာ လမ်းပန်းနှင့် ရေမြောင်းတွေ ပိုကောင်းရေးအတွက် အသုံးပြုရန် အားထုတ်နေကြသည်။ သို့သော်လည်း ပြည်သူပိုင်၊

mgyoe.com

mgyoe.com
အများပိုင် ငွေကြေးတစ်ခုတည်းကိုသာ အားကိုး၍မဖြစ်။ ပုဂ္ဂလိကလက်ထဲက အရင်းအနှီးကိုလည်း ရယူအသုံးချရမည်။ ပြဿနာက လမ်းပန်းဆက်သွယ်ရေးအတွက် ငွေချေးလေ့ရှိသော ကမ္ဘာဘဏ်ကြီးများသည် Basel 3 ဟုခေါ်သော စည်းမျဉ်းစည်းကမ်းသစ်တွေကြောင့် ငွေချေးရန် ခက်နေကြသည်။ ထိုအခါ ပင်စင်ရန်ပုံငွေတွေ၊ နိုင်ငံအစိုးရပိုင် ရန်ပုံငွေတွေ၊ အာမခံလုပ်ငန်းတွေ၊ အခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ လက်ထဲမှာ ဒေါ်လာ ၅၀ ထရီလီယံရှိနေသည်။ လောလောဆယ်တွင် ထိုရန်ပုံငွေ၏ ၀.၈ % သာ အခြေခံအဆောက်အအုံတွေ၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းတွေအတွက် သုံးထားခြင်းဖြစ်ရာ ဆယ်ဆခန့် အေးအေးဆေးဆေး တိုးသုံးနိုင်ဖွယ်ရာရှိသည်။

တကယ်တော့ လုပ်ငန်းကြီးတွေက ဓာတ်အားပေးလုပ်ငန်းတွေ၊ ကားလမ်းတွေကို ရင်းနှီးမြှုပ်နှံလိုကြသည်။ ပင်စင်ရန်ပုံငွေတွေကို နှစ်ရှည်လများ ပေးဆပ်ရသည်ဖြစ်ရာ နှစ်ရှည်ဝင်ငွေရသည့် ထိုလုပ်ငန်းတွေနှင့်ဆိုလျှင် အဆင်ပြေသည်။ ထို့အပြင် ငွေဖောင်းပွမှုကိုလည်း စိုးရိမ်စရာအကြောင်းမရှိ။ အခြားပိုင်ဆိုင်မှုတွေလို ဝင်ငွေတက်လိုက် ကျလိုက်ဖြစ်တာမျိုးမရှိ။ သို့သော် လက်တွေ့တွင် လုပ်ငန်းအရွယ်အစား ကြီးမားခြင်း၊ ခက်ခဲရှုပ်ထွေးခြင်း၊ နိုင်ငံရေးအရ အန္တရာယ်နှင့် ရင်ဆိုင်ရစရာအကြောင်းတွေရှိခြင်းကြောင့် ရင်းနှီးမြှုပ်နှံရန် ခက်ခဲသည်။ ရှုပ်ထွေးသော ဆောက်လုပ်ရေးလုပ်ငန်းတွေကို ခွဲခြမ်းစိတ်ဖြာနိုင်သော စွမ်းရည်ကလည်း ငယ်ရွယ်သော ပင်စင်ရန်ပုံငွေ အဖွဲ့များတွင် မရှိကြ။ ထိုလုပ်ငန်းစီမံကိန်းအများစုသည် စီးပွားရေးအရ အကျိုးအမြတ်ရနိုင်စွမ်း မသေချာသော်လည်း မဲဆန္ဒရှင်များကို ဆွဲဆောင်စည်းရုံးလိုကြသော နိုင်ငံရေးသမားတွေ မျက်စိကျသည့်လုပ်ငန်းတွေဖြစ်နေသည်။ အကျင့်ပျက်မှုတွေ၊ နိုင်ငံရေးပြဿနာတွေ၊ ပတ်ဝန်းကျင်ဝါဒီတွေ၊ ဈေးနှုန်းတက်သည်ကို စိတ်ဆိုးတတ်ကြသော မဲဆန္ဒရှင်တွေ၏ အန္တရာယ်တွေကို ကြောက်ကြသည်။ ထွန်းသစ်စနိုင်ငံများ၌ အထက်ပါအန္တရာယ်များအပြင် ငွေတန်ဖိုးတက်မည့် အန္တရာယ်ကလည်း ရှိနေသေးသည်။

သို့သော် အားတက်စရာ၊ အပြောင်းအလဲတွေ၊ တိုးတက်မှုတွေ ရှိနေသည်။ လုပ်ငန်းစီမံကိန်းတွေကို သီးခြားစီစဉ်သော၊ စီမံခန့်ခွဲသောလုပ်ငန်းတွေ ပေါ်လာသည်။ နိုင်ငံတိုင်းတွင် လက်တွေ့စီးပွားရေးအရ တွက်ခြေကိုက်သော အခြေခံအဆောက်အအုံလုပ်ငန်းစီမံကိန်းတွေကို ရေးဆွဲနိုင်သည့်စွမ်းရည်နှင့် လုပ်ပိုင်ခွင့်ရှိသော ဗျူရိုကရက်တွေ လိုအပ်သည်။ အစိုးရက ပစ္စည်းဝယ်ယူရာတွင် လိုက်နာရမည့် စံချိန်စံညွှန်းတွေ၊ လမ်းဖောက်မြောင်းတူးရာတို့၌ ဆောင်ရွက်စရာတွေကို နိုင်ငံရေးအရ လက်ခံအသိအမှတ်ပြုရမည်။ ချီလီလိုနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှု အသုံးစရိတ်ကို ထိထိရောက်ရောက် အသုံးချနိုင်ရန်
mgyoe.com

mgyoe.com
အတွက် အမျိုးသား ပြည်သူ့ရင်းနှီးမြှုပ်နှံမှုစနစ်ကို ချမှတ်ထားသည်။ ကနေဒါနှင့် ဩစတြေးလျတို့တွင်လည်း အလားတူပင်ဖြစ်သည်။

သို့သော်လည်း နိုင်ငံအတော်များများတွင် အတတ်ပညာရှင်တွေက လွတ်လွတ်လပ်လပ် စွမ်းရည်ပြခွင့် မရကြ။ နိုင်ငံရေးသမားများ၏ လက်အောက်တွင် ကိုယ့်အလုပ်ကို ကိုယ်လုပ်ခွင့်မရကြ။ ဆင်းရဲသောနိုင်ငံများတွင် ပြည်ပအကူအညီတွေကို အခြေခံအဆောက်အအုံ ကျွမ်းကျင်သူများ ငှားရမ်းရာတွင် အကျိုးရှိရှိ အသုံးချနိုင်သည်။ တစ်ဖက်တွင် ထိုအခြေခံအဆောက်အအုံတွေ စီးပွားရေးအရ တွက်ခြေကိုက်ရေးနှင့် မသက်ဆိုင်သော အန္တရာယ်တွေ လျှော့ပါးကာ ရင်းနှီးမြှုပ်နှံလိုစိတ်တွေ ပေါ်ပေါက်လာစေရန် ဆောင်ရွက်နိုင်သည်။ ကမ္ဘာ့ဘဏ်တို့ကဲ့သို့သော နိုင်ငံတကာဘဏ္ဍာရေးအဖွဲ့အစည်းတွေ၊ အစိုးရတွေက၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများကို နိုင်ငံရေးအန္တရာယ်မှ ကင်းဝေးစေရန်၊ ပြည်သူပိုင်သိမ်းခြင်းမှ လွတ်ကင်းစေရန်အတွက် အခကြေးငွေယူ၍ ကာကွယ်စောင့်ရှောက်ပေးကြ၊ အာမခံပေးတတ်ကြသည်။ ချမ်းသာသည့်နိုင်ငံများမှ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများကလည်း တို့နိုင်ငံမှ လုပ်ငန်းများကို အာမခံပေးလေ့ရှိသည်။ သို့သော်လည်း ဤအစီအစဉ်တွေက ကျယ်ကျယ်ပြန့်ပြန့်၊ ကြီးကြီးမားမားမရှိ။ အများအားဖြင့် ဘဏ်တွေကိုသာ ဦးတည်ဆောင်ရွက်လေ့ရှိသည်။ အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများအတွက် ချေးငွေစာချုပ်တွေ ထုတ်ရောင်းသောဈေးကွက်တွေ ဖွံ့ဖြိုးရေးအဖွဲ့အစည်းတွေ ပေါ်ပေါက်လာစေရန် ကမ္ဘာ့ဘဏ်က ဦးဆောင်ကြိုးပမ်းပြီး ချေးငွေရယူနိုင်ရေးနှင့် အာမခံချက်တွေ မြင့်မားရေး ဆောင်ရွက်ရန် The Economist မဂ္ဂဇင်းကြီးက အကြံပြုထားသည်။

ထိုတိုးတက်မှုတွေကြောင့် သိသိသာသာအပြောင်းအလဲတွေ ဖြစ်ပေါ်လာစေနိုင်သည်။ ချေးငွေစာချုပ်တွေသည် ရင်းနှီးမြှုပ်နှံသူတွေအတွက် ခိုင်မာသော၊ ကျောထောက်နောက်ခံရှိသော ရင်းနှီးမြှုပ်မှုတွေ ဖြစ်သွားနိုင်သည်။ အာဖရိကမှာ လမ်းတွေ ကွန်ရက်တွေ၊ နေ့ချင်းညချင်း လိုသလောက် ဖြစ်လာနိုင်မည်တော့မဟုတ်။ သို့သော် ယနေ့ စုဆောင်းထားသောငွေတွေကို အနာဂတ်တိုးတက်မှုများအတွက် ပိုမိုမြှုပ်နှံစေရန် အထောက်အကူဖြစ်သည်။

❑

mgyoe.com

mgyoe.com

# ဘယ်ကွင်းမှာ ဘယ်လိုကန်ကြမလဲ

(၁)

အကြောင်းအားလျော်စွာ ပြည်ပသို့ သွားခွင့်ကြုံသည့်အခါ ၎င်းတို့၏ စာနယ်ဇင်းများကို တတ်နိုင်သမျှ ဖတ်ရှုလေ့လာလေ့ရှိပါသည်။ (ခြွင်းချက်အနေဖြင့် ပြောရလျှင် ကိုယ့်အိမ်ကိုယ်နေသည့်အခါ ရုပ်မြင်သံကြားကြည့်လေ့ သိပ်မရှိသလို သူတစ်ပါးနိုင်ငံရောက်လျှင်လည်း ရုပ်သံကို ဖွင့်ကြည့်ခဲ့သည်။) သူတို့စာနယ်ဇင်းတွေက အစိုးရလုပ်ငန်းတွေအပေါ်၊ ပြည်သူလူထုအပေါ် ဝေဖန်ကြ၊ သုံးသပ်ကြသည်များကို သတိထား လေ့လာခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံမှ မိတ်ဆွေများ မြန်မာနိုင်ငံသို့ လာရောက်ပြုလုပ်ခဲ့သည့် နှစ်ကြိမ်မျှသော ဆွေးနွေးပွဲများတွင် ပါဝင်ဖြစ်သည်။ ထိုအထဲတွင် အလွန်အပြောကောင်းသော အင်ဒိုနီးရှားသတင်းစာဆရာတစ်ဦး ပါဝင်သည်။ အင်ဒိုနီးရှားနိုင်ငံသို့ လွန်ခဲ့သော ဆယ်နှစ်ကျော်တုန်းက ပထမအကြိမ် ရောက်ဖူးပြီး ယခု- ဒုတိယအကြိမ် ရောက်ရှိရာတွင် ကံအားလျော်စွာ အင်ဒိုနီးရှားသတင်းစာဆရာ၏ Temp မဂ္ဂဇင်းကို တွေ့ရှိဖတ်ရှုရသည်။ ထိုမဂ္ဂဇင်းထဲတွင် အထူးစိတ်ဝင်စားစရာကောင်းသော ဆောင်းပါးနှစ်ပုဒ်ကို ဖတ်ရှုရသည်။ ဆောင်းပါးတစ်ပုဒ်က မြန်မာနိုင်ငံသန်းခေါင်စာရင်းနှင့်ပတ်သက်ပြီး အခြားတစ်ပုဒ်မှာ အာဆီယံစီးပွားရေးအဝန်းအဝိုင်းနှင့် ပတ်သက်သည်။ မြန်မာနိုင်ငံ အာဆီယံအသင်းကြီးဝင်ချိန်မှစ၍ အာဆီယံနှင့် မြန်မာတို့၏ စီးပွားရေး အဆက်အဆံများ၊ အလားအလာများကို လေ့လာဖြစ်၊ လေ့လာပြီး ပြန်လည်မျှဝေဖြစ်သည်။ တစ်ခါတစ်ရံ အကြောင်းအားလျော်စွာ

mgyoe.com

ကင်းကွာသည်။ ယခင်က စိုက်လိုက်မတ်တတ် ရေးသားခဲ့ချိန်တွင် စိတ်ပါဝင်စားမှု နည်းခဲ့ရာ ယခုကဲ့သို့ စိတ်ဝင်စားမှုများလာချိန်တွင် အရေးအသားနည်းခြင်းကို မိတ်ဆွေတစ်ဦးက ဘဝင်မကျ။ အကြောင်းအားလျော်စွာ လွန်ခဲ့သော ဆယ်နှစ်ကျော်က အာဆီယံအစည်းအဝေးတစ်ခုအတွက် ရောက်ခဲ့သော အင်ဒိုနီးရှားနိုင်ငံသို့ ယခု ဒုတိယအကြိမ် ပြန်ရောက်တော့လည်း အကြောင်းအရာက အာဆီယံနှင့် ပတ်သက်နေပြန်သည်။ အာဆီယံနှင့် ရေစက်မကုန်သေးတာလား။ အစည်းအဝေးတက်ရောက်သူများထဲမှ တစ်ဦးက မိမိအလုပ်လုပ်ခဲ့ဖူးသော ယခင်အစိုးရဌာနအကြောင်းကို မေး၍ အံ့သြရသေးသည်။

လွန်ခဲ့သော ၂ နှစ် ၃ နှစ်ခန့် အတွင်းက မြန်မာနိုင်ငံတွင် အာဆီယံနှင့်ပတ်သက်၍ ပြန်လည်စိတ်ဝင်စားလာခဲ့ကြသည်။ အထူးသဖြင့် လွတ်လပ်သော ကုန်သွယ်မှုအသိုင်းအဝိုင်းနှင့်ပတ်သက်၍ မည်သို့ ဂယက်ရိုက်ခတ်မှုတွေ ရှိလာမည်ကို စိုးရိမ်ပူပန်လာကြသည်။ အာဆီယံစီးပွားရေးအဝန်းအဝိုင်းနှင့်ပတ်သက်၍ စိတ်ပါဝင်စားမှု၊ သိရှိမှု၊ ပြင်ဆင်မှု၊ အဆင်သင့်ဖြစ်မှုတို့ကို စစ်တမ်းကောက်ယူ ဆန်းစစ်မှုတွေ ပြုလုပ်လာခဲ့ကြသည်။ ထိုစစ်တမ်း၏ တွေ့ရှိချက်သည်လည်း မူလက မျှော်လင့်ထားသည့်အတိုင်းပင်ဖြစ်ရာ အံ့သြစရာတော့ မရှိပါ။ အာဆီယံစီးပွားရေးအဝန်းအဝိုင်းအကြောင်း၊ လွတ်လပ်စွာ ကုန်သွယ်မှုအကြောင်း မကြားဖူးသေးသူတွေက အများကြီး။ ထိုအခါ– ပြင်ဆင်ရမှန်းသိသူ၊ ပြင်ဆင်သူ၊ အဆင့်သင့်ဖြစ်သူ အချိုးအစားတွေက နည်းသည်ထက် နည်းသွားသည်။ ကိုယ့်နိုင်ငံအခြေအနေကို သိပြီးနောက် အခြားနိုင်ငံများကရော မည်မျှအဆင်သင့် ဖြစ်သည်ကို စူးစမ်းကြည့်မိသည်။ ထိုအခါ ၂၀၁၅ အတွက် အဆင်သင့်မဖြစ်သည်မှာ ကိုယ်တစ်ယောက်တည်းမဟုတ်။ အခြားသော အာဆီယံအသင်းဝင်နိုင်ငံတွေလည်း ပါဝင်နေသည်ကို သတိပြုမိသည်။ ယခုအခါ အာဆီယံအသင်းကြီး ရုံးစိုက်ရာ အင်ဒိုနီးရှားနိုင်ငံ ရောက်တော့လည်း ဤအခြေအနေကို ကြားရမြင်ရပြန်သည်။ တစ်ဖန် ၂၀၁၅ တွင် အာဆီယံစီးပွားရေးအဝန်းအဝိုင်း တည်ထောင်ရေးသည် ခရီးဆုံးပန်းတိုင်မဟုတ်။ မပြီးဆုံးသေးသော လုပ်ငန်းစဉ် ဖြစ်သည်ဟူသည့် စကားကို အသစ်အဆန်းဖြစ်ကြရပြန်သည်။ တစ်ဖန်– အစိုးရသာမက နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းဟောင်းတွေ၊ သံအမတ်ကြီးတွေကပါ နိုင်ငံခြားရေးမူဝါဒလေ့လာရေး အုပ်စုတွေ၊ ညဏ်ကြီးရှင်အဖွဲ့တွေဖွဲ့ကာ တက်တက်ကြွကြွလှုပ်ရှားနေကြသည်ကို တွေ့ရသည်။ စာနယ်ဇင်းတွေက ထိုအကြောင်းအရာကို လေ့လာသိရှိရန် အားထုတ်ကြ၊ မျှဝေရန် ကြိုးစားအားထုတ်မှုများကို ကြားနာရသည်။

mgyoe.com

mgyoe.com

(၂)

အင်ဒိုနီးရှားနိုင်ငံမှာပင် ၂၀၁၅ ခုနှစ်တွင် ပေါ်ပေါက်လာတော့မည့် အာဆီယံ စီးပွားရေးအဝန်းအဝိုင်းနှင့်ပတ်သက်၍ သဘောပေါက်နားလည်ကြမှု နည်းနေဆဲဖြစ်ပြီး အကျိုးအပြစ်တွေကို များများစားစား ဆွေးနွေးမှုတွေ ရှိပုံမရ။ အာဆီယံ စီးပွားရေးအဝန်း အဝိုင်းမှ ပေါ်ပေါက်လာမည့် အခွင့်အလမ်းတွေ ရယူနိုင်ရေး၊ အန္တရာယ်တွေ လျော့ပါးရေး အတွက် ပြင်ဆင်ရန် အချိန်မရှိတော့။ ယခုအထိဆိုလျှင် အာဆီယံအဝန်းအဝိုင်းအတွင်း ကုန်သွယ်မှုတွေတိုး၊ အခွန်တွေ လျှော့ချလျက်ရှိပြီး ကျန်နယ်ပယ်များတွင် စိန်ခေါ်မှုများ ရှိနေဆဲဖြစ်သည်။ ပိုမိုပွင့်လင်းလွတ်လပ်လာမည့် ဈေးကွက်ကြောင့် စားသုံးသူတွေအတွက် အကျိုးရှိမည်။ ဈေးသက်သာခြင်း၊ အရည်အသွေးပိုကောင်းခြင်း စသည့် အရည်အသွေး တွေရှိသော ထုတ်ကုန်အသစ်တွေ ရကြမည်။ အင်ဒိုနီးရှားတွင် ဘဏ်လုပ်ငန်းနှင့် ဆက် သွယ်ရေးလုပ်ငန်းတို့သည် တံခါးဖွင့်လိုက်မှ သိသိသာသာ တိုးတက်လာခြင်း ဖြစ်သည်။ အပြိုင်အဆိုင်များရုံသာမက သန်း ၆၀၀ ကျော်သော စားသုံးသူတွေ ရှိနေခြင်း၊ ထိုစား သုံးသူများသည် ဝင်ငွေတွေတိုးလာကာ လူလတ်တန်းစားတွေ ဖြစ်လာခြင်း၊ လူငယ်တွေ များနေဆဲဖြစ်ခြင်းတို့ကြောင့်လည်း အာဆီယံစီးပွားရေးအဝန်းအဝိုင်းကို ကုမ္ပဏီတွေ၊ ရင်းနှီးမြှုပ်နှံသူတွေက မျက်စိကျနေကြခြင်း ဖြစ်သည်။

သို့သော် အားလုံးအဆင်ပြေကြမည် မဟုတ်။ စရိတ်သက်သက်သာသာနှင့် ထုတ် လုပ်နိုင်သော လုပ်ငန်းတွေ၊ အရည်အသွေးပိုကောင်းအောင် လုပ်နိုင်သော၊ ပခုံးချင်းယှဉ် နိုင်သော ကုမ္ပဏီတွေ အောင်မြင်မည်။ သို့သော် နိုင်ငံတကာကုမ္ပဏီကြီးများနှင့်၊ ပခုံးချင်း ယှဉ်နိုင်သော အာဆီယံကုမ္ပဏီတွေက များများစားစား မရှိလှ။ စင်ကာပူတို့၊ မလေးရှား တို့လို ပိုပြီးတိုးတက်နေသောနိုင်ငံများမှ ကုမ္ပဏီများက ဒေသအနှံ့ ခြေဆန့်ရန်၊ အာဆီယံ အသင်းဝင် နိုင်ငံတိုင်းတွင် ခြေကုပ်ယူနိုင်ရန် ကြိုးစားနေကြသည်။ ဂျပန်ကုမ္ပဏီတွေက၊ တရုတ်နှင့် ကိုရီးယားတို့နှင့် အပြိုင်ခြေကုပ်ယူရန် ကြိုးစားနေကြသည်။ အာဆီယံဒေသ အတွင်း၊ လွတ်လပ်စွာကုန်စည်တွေ စီးဝင်စီးထွက်ခွင့်ပြုလျှင် အရောင်းကွင်းဆက်ကို အသုံးပြုနိုင်မည်။ နေရာတွေခွဲပြီး ပစ္စည်းတွေထုတ်လုပ်ကာ တစ်နေရာတွင် စုစည်းတပ်ဆင် နိုင်မည်။

တရုတ်နိုင်ငံတွင် ရှိခဲ့သော လုပ်အားအများအပြားသုံးရသော လုပ်ငန်းတွေက မြန်မာ၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားတို့သို့ ရွှေ့ပြောင်းကြမည်။ စက်မှုလုပ်ငန်းတွေက တရုတ်မှ အာဆီယံဒေသဘက်သို့ ခြေဦးပြန်လှည့်စရာရှိသည်။ ပြဿနာမှာ အာဆီယံ ဒေသသည် ပြိုင်ဆိုင်နိုင်စွမ်းရှိသော အားသာချက်တွေကို မည်မျှကြာကြာ၊ ထိန်းထားနိုင်မည်

mgyoe.com

mgyoe.com
မသိ။ လုပ်အားခ သက်သာမှု၊ ကျွမ်းကျင်မှု၊ ထုတ်လုပ်မှုစွမ်းအား မြင့်မားမှုတွေကို ဆက်လက်ထိန်းထားရန် လိုမည်။ အာဆီယံ၏ ရေရှည်အောင်မြင်မှုသည် စံချိန်စံညွှန်းတွေ အမျိုးမျိုးကို ပုံစံတစ်မျိုးတည်းဖြစ်အောင် လုပ်နိုင်သည့်အပေါ် မူတည်သည်။ ထိုလုပ်ငန်းစဉ်သည် ရေရှည်ဖြစ်မည့်အလားအလာရှိသည်။ ဝန်ဆောင်မှု၊ အရင်းအနှီးနှင့် ကျွမ်းကျင်လုပ်သား ဝင်ထွက်မှုတွေက ရေရှည်တွင် ပို၍သိသာထင်ရှားလာမည်။

တံခါးဖွင့်သည်ဆိုလျှင် တံခါးပိတ်စေလိုသူ၊ တံခါးပိတ်ထား၍ အကျိုးရှိသူတွေ၏ ဆန့်ကျင်မှုကို ခံရမည်။ အပြိုင်အဆိုင်တွေများလာချိန်တွင် အောင်ပွဲရသူတွေ၊ ရှုံးနိမ့်သူတွေ ရှိမည်။ အောင်မြင်သူနှင့် ရှုံးနိမ့်သူ မည်သူများမည်နည်းဟူသော မေးခွန်းနှင့်အဖြေက အရေးကြီးသည်။ စစချင်း အောင်မြင်သူ နည်းနိုင်သည်။ ရှုံးနိမ့်သူတွေအတွက် မည်သို့အကူအညီပေးနိုင်မည်၊ အခြေခံအဆောက်အအုံတွေ မည်သို့ပံ့ပိုးပေးနိုင်မည်ဟူသော ကိစ္စတွေက အရေးကြီးသည်။ သူတို့တစ်တွေ၏ဝေဒနာကို သက်သာရာရအောင် လုပ်ပေးနိုင်လျှင် အပြောင်းအလဲကာလ ပိုမိုချောမွေ့မြန်ဆန်နိုင်သည်။ အထူးသဖြင့် အကျိုးရှိသူတွေသည် ပြည်တွင်းမှမဟုတ် ပြည်ပမှ လာသူတွေဖြစ်နေလျှင် ဆန့်ကျင်မှုတွေကိုပို၍ တွေ့ကြုံနိုင်သည်။ လုပ်ငန်းတွေ မတော်တဆလဲသွားလျှင် ပြန်ထနိုင်ဖို့ လိုသည်။

(၃)

တစ်လောက ကော့တလာ (Philip Kotler) လာရောက်စဉ် ဟောပြောချက်၌ မြန်မာလုပ်ငန်းတွေ ပြည်တွင်းအဆင့်တွင် ရပ်မနေကြဘဲ ဒေသအဆင့်မှ နိုင်ငံတကာအဆင့်သို့ တက်လှမ်းကြဖို့ အကြံပြုသွားသည်။ အနိမ့်ဆုံးအဆင့်အနေဖြင့် ကိုယ့်အိမ်ကွင်းမှာ ကန်ပါလျက်နှင့် ရှုံးသည့်အဖြစ်မျိုး မဖြစ်ရအောင်၊ ကြိုးပမ်းရဦးမည်ဟု ထင်မြင်မိပါသည်။

**(ညွှန်း– Tempo - April 6, 2014)**

❑

mgyoe.com

mgyoe.com

# လှူလို့ မဝတဲ့သူ

မွေးနေ့တွေကို သိပ်ပြီး မှတ်မှတ်သားသား ထူးထူးခြားခြား မရှိလှပေမဲ့ ဒီနှစ်တော့ ဘာဖြစ်လို့ရယ်မသိ အတော်လေးလုပ်ချင်ကိုင်ချင်စိတ် ရှိနေတယ်။ခြောက်ဆယ်နားနီးလာပြီ ဆိုတဲ့အသိကြောင့်ဖြစ်မယ်ထင်ပါရဲ့။ အထူးသဖြင့် အင်တာနက်ဖေ့စ်ဘုတ်ပေါ်မှာ ကိုယ့် အရပ်ဒေသတော့ ဘာတွေလုပ်နေပြီ၊ ဘာတွေဖြစ်နေပြီဆိုရင် ပြေးပြီးလှူချင်တဲ့စိတ်တွေ ပါဝင်ဆင်နွှဲချင်တာတွေ အများသား။ အရင်တစ်ခေါက်က ဖခင်ကြီးတာဝန်ထမ်းဆောင်ခဲ့ ကိုယ်ငယ်ငယ်က ပျော်ပါးဆော့ကစားခဲ့တဲ့ ဆေးရုံကိုသွားကြည့်တယ်။ ခွဲစိတ်ခန်းမှာ သုံးဖို့ မီးစလောင်းမရှိတာ ဝိုင်းလှူဖို့ ပြင်ဆင်နေကြတော့ တတ်နိုင်သမျှ ထည့်ဝင်လှူဒါန်း ခဲ့တယ်။ ကိုယ့်ရပ်ကွက်က ရွှေရပ်သာဘုရားမှာ တန်ဆောင်းတွေ၊ ဇောင်းတန်းတွေ ပြုပြင် နေတာတွေ့ရတော့လည်း စေတနာပေါက်ပေမယ့် မတတ်နိုင်ပြန်ဘူး။ ကျောင်းက ကလေး တွေ ပညာရည်ချွန်ဆုပေးတာ အခမ်းအနားမပါ ဘာမပါ ဒီအတိုင်းပေးတာ တွေ့ရတော့ ပြေးလုပ်ပေးချင်စိတ်ပေါက်ရဲ့။ အင်တာနက်ကြောင့် မျိုးချစ်စိတ်တွေ ဇာတိရပ်ရွာ ကူညီ အားပေးချင်စိတ်တွေ ပိုပြီးထက်သန်လာတယ်ထင်တာပါပဲ။

တခြားအချိန်မှာ ပိုက်ဆံချမ်းသာချင်စိတ်မရှိပေမယ့် အခုလို လှူစရာ တန်းစရာ တွေ ပေါ်လာတဲ့အခါကျရင်တော့ ပိုက်ဆံချမ်းသာချင် စိတ်ဖြစ်မိတယ်။ ဒီတစ်ခါ မွေးနေ့မှာ ဇာတိရပ်ရွာက သံဃာအပါး ၂၀၀ လောက် ဆွမ်းလောင်းမယ်လို့ ရည်စူးထားတယ်။ ကိုယ်သွားတဲ့အခါ ကွမ်းတွေ၊ ဆွမ်းဟင်းတွေ ဖွယ်ဖွယ်ရာရာလောင်းလှူတာတွေ့ရလို့

mgyoe.com

mgyoe.com
နေ့တိုင်း ဒီလိုလောင်းနေတယ် ထင်တာ မေးကြည့်တော့ တစ်ပတ်တစ်ခါလောက် ရှိတာမျိုး ဖြစ်နေတယ်။ တစ်လောက ကလေး ၁၀၀၀ လောက် ထမင်းနဲ့ ဟင်းနဲ့ ကျွေးတယ်ဆိုတဲ့ နှစ်စဉ် အစီအစဉ်လေးတစ်ခုကိုတွေ့တော့ ငွေနည်းနည်းများပေမယ့် ကိုယ်လည်း ကျွေးချင် စိတ်ပေါက်တာနဲ့ မွေးနေ့မှာ ကျွေးမယ်ဆိုပြီး လှမ်းမှာထားတယ်။ ပိုက်ဆံလည်းစုတယ်၊ တကယ်တမ်းကျ ပင်စင်လစာ ၃ လစာလောက်ကလည်း အိမ်မရောက်လိုက် လစဉ်ပုံမှန် ရနေတဲ့ ငွေတစ်ခုကလည်း မရတော့ပြန်နဲ့ ကုသိုလ်လုပ်တော့မယ်ဆိုမှ အခက်အခဲတွေက တွေ့နေပြန်ရော။

ဒါပေမဲ့လည်း ဖြစ်အောင်လုပ်လိုက်နိုင်ပါတယ်။ သံဃာတော်တွေ အရုဏ်ဆွမ်း လောင်းတော့ နိဗ္ဗာန်ဆော်က ကွယ်လွန်သူမိဘနှစ်ပါးအား ရည်စူး၍ဆိုပြီး ထပ်တလဲလဲ အော်တော့ မိဘတွေသတိရပြီး ဝမ်းသာဝမ်းနည်းဖြစ်ရတယ်။ ဆွမ်းမလောင်းမီ တစ်ရာတန် လှော်ကျည်နဲ့ ပလာတာစားထားပေမယ့် ဆွမ်းလောင်းပြီးတော့ ဈေးထဲသွား မသန်းစု ခေါက်ဆွဲသွားစားတဲ့ ဝတ္တရားတော့မပျက်ပါဘူး။ မနေ့က တံတားဦးလေဆိပ်မှာ လာကြိုတဲ့မိတ် ဆွေတွေက နံနက်စာစားဖို့ ပြောပေမယ့် ငါန်းဖွန်ကျမှ ခေါက်ဆွဲစားမယ်လို့ပြောပြီး ခေါက်ဆွဲမကျန်မှာစိုးလို့ ဖုန်းဆက်ဖို့ကြိုးစားတော့ မအောင်မြင်ဘူး။ မြို့ထဲဝင်ခါနီးမှ ဖုန်းဆက်လို့ရတယ်အကြောင်းသိတဲ့ မိတ်ဆွေတွေက အစောကြီးကတည်းက ကြိုတင်ဝယ် ထားပြီး အဆင်သင့်စောင့်နေကြတယ်။

နေ့လယ် ကလေးတွေမကျွေးခင် တည်းအိမ်မှာ ခဏနားနေတုန်း မြန်မြန်လာပါ ဆိုလို့ ပြေးရပြန်ရော။ ကလေးတွေ ကျွေးမွေးတဲ့အစီအစဉ်က ကိုယ်က ဘာမှလုပ်နိုင်တာ မဟုတ်လို့စိတ်ပူနေတာ တကယ်တမ်းကျ အားလုံးကအဆင်သင့် ဝါးလုံးတွေနဲ့ တန်းစီဖို့ ပါလုပ်ထားတယ်။ သိမှသိပါ့မလား၊ လာမှလာပါ့မလားလို့စိတ်ပူနေတာ၊ ကိုယ်ရောက် သွားတော့ လူလာတဲ့ပြင် လူတွေများတော့ ဘုန်းကြီးတွေလို အားလုံးကို ကိုယ်တိုင် လောင်းတာမျိုး မလုပ်နိုင်တော့ဘူး။ ကလေးတွေကျွေးမယ်ဆိုတော့ ကလေးတွေချီထားတဲ့ သူတွေ၊ ပန်းကန်ခွက်ယောက် ယူလာတဲ့သူတွေ၊ သူတို့ကို လိုက်ပို့ကြတဲ့ဆိုင်ကယ်တွေနဲ့ စည်ကားနေလို့ ရဲနှစ်ယောက်တောင်လာပြီး လမ်းရှင်းပေးကြတယ်။ စည်းကမ်းတကျရှိစေဖို့ နိဗ္ဗာန်ဆော်က နှိုးဆော်လွန်းအားကြီးနေလို့ "မင်းတို့ဟာက ထမင်းတစ်လုတ်၊ တုတ် တစ်ချက်" ဆိုသလိုဖြစ်နေတယ်။ ဒီလောက်ကြီး မပြောပါနဲ့လို့ဆိုတော့ ကျွန်တော်တို့ အရပ်အကြောင်း ကျွန်တော်တို့ သိလို့ပါလို့ဆိုတယ်။ ပြီးတော့လည်း ရာထူးဂုဏ်သိန် စည်းစိမ်ဉစ္စာတွေတိုးပွားပါစေဆိုပြီး ဆုတွေပေးနေတာနဲ့ တော်ပါတော့ကွာလို့ တားယူရ တယ်။ နာရီဝက်လောက်ဝေပြီးတော့ ကလေးတွေက ကုန်သွားပြီ၊ ထမင်းတွေ ဟင်းတွေက

mgyoe.com
မကုန်သေးဘူး နေပူလို့ မလာကြသလားမသိဘူး။ မကုန်ရင်တော့ မင်းတို့လျော်ရမယ် ဆိုတော့ မည်သူမဆို ကြွရောက်စားသုံးနိုင်ပါသည်။ ထည့်စရာမပါလည်း ပေးပါမည်ဆိုမှ နောက်ထပ်နာရီဝက်အတွင်း ကိစ္စပြတ်တော့တယ်။ ကိုယ့်မွေးနေ့မှာ ကိုယ်ကကျွေးနေတာပဲ ပြောလို့မဖြစ်ဘူး။ လေဆိပ်နဲ့ ငါန်းဇွန် အသွားအပြန်အကြိုအပို့တွေနဲ့ နေထိုင်စားသောက်ဖို့တွေကျ အသက် ၇၀ ပြည့်မွေးနေ့ရှင်၊ ငါန်းဇွန်က ဦးမြကြီးမိသားစုက တာဝန်ယူပေးထားတာပါ။

ကလေးတွေ ကျွေးပြီးတဲ့နောက် ညနေ ၄ နာရီလောက်ရောက်တော့ နေပူထဲမှာပဲ ဆေးရုံဘက် သွားကြည့်တယ်။ ဆေးရုံမှာက ကလေးတွေက ဆယ်ယောက်လောက်ရှိတယ်။ ဆိုင်ကယ်မတော်တဆဖြစ်တဲ့ လူနာတစ်ယောက်တော့ သွေးရဲရဲသံရဲရဲနဲ့ ရောက်လာတာတွေ့တယ်။ ကိုယ်နဲ့ မွေးနေ့တူမွေးတဲ့ကလေးတွေထဲမှာ အမြွာလေးက ပါသေးတယ်။ ကလေးတွေအတွက် အိတ်ထဲလက်နှိုက်ကြည့်ပြီး ပါသမျှလေး လှူခဲ့ရသေးတယ်။ ထုံးစံအတိုင်း ကိုယ်ရိုက်တဲ့ပုံတွေရော သူများရိုက်တဲ့ပုံတွေရော ဖေ့စ်ဘုတ်မှာ တောက်လျှောက်တက်နေတော့ အားလုံးဝမ်းသာကြ ဆုတောင်းကြနဲ့ပေါ့လေ။ သမီးတစ်ယောက်က ဆရာတစ်နေ့လုံးလှူနေတာ တွေ့လို့ဝမ်းသာသတဲ့။ တစ်နေ့လုံးတော့ လှူနေတာပါ။ ဒါပေမဲ့ ဆန္ဒရှိသလောက်တော့ မလှူနိုင်ပါဘူး။ နောက်ဆုံးမှာ ပုညပါရမီ ဆွမ်းလောင်းအသင်းအဆောက်အဦ ထပ်ဆောက်ဖို့လှူရင်းနဲ့ အလှူပိတ်ရတယ်။

အိမ်ရှင်ရဲ့ သားသမီးတွေက ညနေကျမှပြန်ရောက်လာကြတော့ သူတို့ကို သင်ရကြားရ ပြောရ ဆိုရသေးတယ်။ ခါတိုင်းက ဟောတဲ့ ပြောတဲ့ သင်ကြားတဲ့ ဗဟုသုတဖြန့်ဝေတဲ့ စိတ်အလှူပဲလုပ်တာပါ။ ဒီတစ်ခေါက်တော့ ရုပ်ဝတ္ထုပစ္စည်းတွေ၊ အစားအစာတွေလှူတာများပါတယ်။ နောက်နှစ်တွေလည်း အခုလိုလာလှူနိုင်ပါစေလို့ ဝိုင်းပြီးဆုတောင်းပေးကြတယ်။ ရုပ်အလှူရော၊ စိတ်အလှူရော တစ်နှစ်လုံးလှူချင်နေတာပါပဲ။

၁၃-၄-၂၀၁၄

❑

mgyoe.com

mgyoe.com

# ငြိမ်းတွေရဲ့အကြောင်း

(၁)

လမ်းလျှောက်ဖက် မိတ်ဆွေတစ်ယောက်ကို အငြိမ်းစားတွေထဲမှာတော့ ဆရာတို့လောကက အငြိမ်းစားတွေဟာ တော်တော်လေး နေရာရကြ၊ ပြန်ပြီး တာဝန်ပေးခံရပြီး လစာကောင်းကောင်း၊ အလုပ်အကိုင်ကောင်းကောင်းတွေ ရကြတယ်နော်လို့ ပြောပြမိတယ်။ သူက အတိုင်းအတာတစ်ခုအထိပဲ သဘောတူပြီး ပြည့်ပြည့်ဝဝ သဘောမတူပါဘူး။ လုပ်ငန်းသစ်တစ်ခု စတင်တည်ထောင်တော့မယ်ဆိုရင် သူတို့လို အတွေ့အကြုံရှိတဲ့သူတွေမပါလို့ မဖြစ်တဲ့အကြောင်း၊ ဒါပေမဲ့ အချိန်ကာလတစ်ခုကြာတဲ့အခါ သူတို့ကို မလိုအပ်တော့တဲ့အကြောင်း၊ 'ငြိမ်း'တွေပဲဖြစ်လို့ အချိန်တန်ရင် အဖျက်ခံရတာပဲဆိုတဲ့အကြောင်း ပြန်ပြောပြတယ်။

ငယ်ငယ်ကတည်းက ဒီဘုရားပြီးရင် ငြိမ်းဖျက်ဆိုတဲ့စကား ကြားဖူးမှတ်သားမိပြီး တော်တော်လေးလည်း စဉ်းစားမိပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် လူမှုရေးပွဲလမ်းတစ်ခုသွားတော့ ကိုယ့်ကိုနှုတ်ဆက်တဲ့အခါ အရင်အလုပ်မှာပဲလားလို့မေးတော့ မဟုတ်တော့တဲ့အကြောင်း ပြောပြရတယ်။ ဘယ်မှာနေသလဲလို့မေးရင်လည်း သူတို့နောက်ဆုံး ဘယ်နေရာအထိ သိသလဲဆိုတာမေးပြီး အဲဒီနေရာကနေ ပြောင်းတာ ၁ နေရာ၊ ၂ နေရာ၊ ၃ နေရာ ရှိသွားပြီ စသည်ဖြင့် ပြောရပါတယ်။ ဒါနဲ့ အတူထိုင်တဲ့မိတ်ဆွေကို ကိုယ့်အကြောင်း ပြောပြတော့ သူက– ဒီလိုပါပဲလေ၊ သူလည်း ဘယ်ကနေဘယ်ကို ပြောင်းသွားပြန်ပြီဆိုပြီး

mgyoe.com

mgyoe.com
စောစောကပြောတဲ့ 'ငြမ်း'အကြောင်း ရောက်သွားပါလေရော။

ကျွန်တော်တို့မှာလည်း ကိုယ်အပြောင်းအလဲဖြစ်တာသာ သိတာ၊ သူများအပြောင်းအလဲဖြစ်နေတာတွေကျ၊ သိတောင်မသိလိုက်ဘူး။ ကိုယ့်တွေ့ကြုံနေရတဲ့ အပြောင်းအလဲတွေကျတော့ ဧရာမအပြောင်းအလဲကြီးလို့ ထင်တယ်။ သူတစ်ပါးရဲ့အပြောင်းအလဲကျ သိတောင်မသိလိုက်ဘူး။ ကိုယ့်အပေါ် ဂယက်ရိုက်ခတ်မှု မရှိပဲကိုး။ ဒီလိုပဲ တစ်ခါတလေမှာ ကျွန်တော်တို့ဟာ 'ငြမ်း'တွေဘဝနဲ့ တခြားသူတွေရဲ့ စီမံကိန်းတွေ၊ လုပ်ငန်းတွေမှာ၊ တစ်စိတ်တစ်ဒေသ ဝင်ပါရတယ်၊ အသုံးဝင်ကြတယ်၊ အသုံးချတာ ခံရတယ်။ ကိုယ့်ဘဝမှာလည်း ဒီလိုပါပဲ။ တခြားသူတွေကို ငြမ်းတွေအဖြစ် အသုံးချတာ၊ အသုံးချခဲ့တာ၊ မလိုအပ်တော့– အသုံးမဝင်တော့တဲ့အချိန်မှာ ဖယ်ရှားပစ်ခဲ့ကြတာတွေ ရှိတာပါ။ ဒါပေမဲ့ ကိုယ့် 'ငြမ်း' ဖြစ်ခဲ့တာပဲ မှတ်မိပြီး ကိုယ်ဖျက်ခဲ့တဲ့ ငြမ်းတွေကျတော့ မမှတ်မိတော့ဘူးလေ။

(၂)

တကယ်တော့လည်း လူတစ်ယောက်ရဲ့ အသုံးဝင်မှုဆိုတာ ကာလ– ဒေသ– ပယောဂအပေါ် သူ့ရဲ့စွမ်းရည်နဲ့ အလုပ်ခွင်နဲ့ အံဝင်ခွင်ကျဖြစ်မှုတွေအပေါ် အများကြီးမူတည်ပါတယ်။ ဒါကြောင့် တစ်နေရာမှာ အသုံးဝင်ပေမယ့် နောက်တစ်နေရာမှာ အသုံးမဝင်၊ တစ်နေရာမှာ ထိပ်ဆုံး၊ နောက်တစ်နေရာမှာ ဘိတ်ဆုံး။ ငြမ်းဘဝမှာတောင်မှ အရေးပါတဲ့နေရာ၊ အရေးမပါတဲ့နေရာ၊ အောက်ဆုံးနေရာ၊ အပေါ်ဆုံးနေရာတွေ ရှိသေး။ ငြမ်းနေရာက စဉ်းစားရင် အစကတည်းက တစ်သက်လုံးနေရမယ့်နေရာမဟုတ်။ အချိန်ကုန်၊ သက်တမ်းကုန်ရင် ဖယ်ရှားခံရမယ်ဆိုတာ သိထားရမှာပါ။ ဖယ်ရှားမခံချင်တဲ့အခါ၊ ဖယ်ရှားတာကို လက်မခံချင်တဲ့အခါ၊ ဆန့်ကျင်မှုတွေ ပေါ်ပေါက်လာပြန်ရော။ ကိုယ်တင်ပေးရတဲ့သူတွေက ဘယ်လိုဖယ်ရှားသလဲဆိုတဲ့ ဖယ်ရှားပုံ ဖယ်ရှားတည်းအပေါ်လည်း မူတည်သေးတယ်။ အတင်းအကျပ်ဖယ်ရှားရင် အတင်းအကျပ်ဆန့်ကျင်မှုတွေနဲ့ ကြုံပြန်ရော။

တစ်နည်းပြောရရင်တော့ ကိုယ်လည်း ဒီနေရာအသုံးမဝင်တော့ပေမယ့် နောက်တစ်နေရာမှာ အသုံးဝင်နိုင်ပါသေးတယ်။ အသုံးဝင်ပုံဝင်နည်းတော့ တူချင်မှ တူမှာပေါ့။ တစ်ချိန်က အိမ်ဦးခန်းနေရာကနေ နောက်ဖေးမီးဖိုဆောင်ရောက်ချင်လည်း ရောက်သွားနိုင်ပါသေးတယ်။ ငြမ်းဘဝကတောင် စွန့်ပစ်ခံရတဲ့ ကိုယ့်ဘဝဟာ တခြားသူတွေ တိုးတက်ရာတိုးတက်ကြောင်း မလုပ်နိုင်တော့ရင်တောင်မှ အဟန့်အတားမဖြစ်။ အမှိုက်မရှုပ်ရင်၊
mgyoe.com

တော်လှပြီလို့လဲ ဆင်ခြင်မိပါသေးတယ်။

စွဲလမ်းတတ်တာ၊ စွဲလမ်းစရာတွေကို စွန့်လွှတ်ဖို့ဆိုတာတွေက သိပ်တော့ မလွယ်လှပါဘူး။ ကိုယ့်ရဲ့ငြိမ်းဘဝကို မြင်နိုင်သလို သူတစ်ပါးရဲ့ ငြိမ်းဘဝတွေကိုလည်း မြင်နိုင်ရင်တော့ အားလုံးဟာ ငြိမ်းတွေပဲလို့ သဘောပေါက်စရာရှိတယ်။ အနည်းဆုံးတော့ 'ငြိမ်း' ဆိုတာ သူများကို တင်မပေးနိုင်ရင်တောင် ကိုယ့်ကိုယ်ကိုယ် တင်နိုင်သေးတယ်ဆို တော်လှပြီ မဟုတ်လား။

၂-၄-၂၀၁၄

❑

mgyoe.com

mgyoe.com

# များလာတဲ့ သင်တန်းနဲ့ သင်တန်းသားတွေ

(၁)

ဒီကနေ့ သင်တန်းတစ်ခုရဲ့ ဖွင့်ပွဲကိုသွားတယ်။ ကျောင်းဆရာ မဟုတ်တော့ပေမယ့် အခါအားလျော်စွာ သင်တန်းတွေသွားပြီး ပို့ချနေရဆဲပါပဲ။ မိတ်ဆွေတစ်ယောက်က သင်တန်းတွေနဲ့ပတ်သက်ပြီး ဘယ်လိုမြင်သလဲလို့မေးတယ်။ ဒါနဲ့ တိုတိုပြောရရင်တော့ "သင်တန်းသာ တက်နေတာ၊ သိပ်ပြီး ဆာလောင်မွတ်သိပ်မှုရှိပုံ မရဘူး" လို့ ဖြေဖြစ်ပါတယ်။ တစ်ဆက်တည်းမှာ အဖွင့်အမှာစကား ပြောသွားပါဦးဆိုလို့ ဒီစကားကိုပဲ အခြေခံပြီး ပြောဖြစ်ပါတယ်။ သင်တန်းတစ်ခုတက်တယ်ဆိုတာ ငွေကုန်ကြေးကျ ရှိတယ်။ စရိတ်စက အကုန်အကျခံရတယ်။ အပင်ပန်းခံပြီး သွားရလာရတယ်။ ပြီးတော့ ဝင်ငွေ ရရာရကြောင်း၊ စီးပွားဖြစ်ရာဖြစ်ကြောင်း အလုပ်အကိုင်တွေ၊အခွင့်အလမ်းတွေကို စွန့်လွှတ်ပြီး လာကြရတယ်။ သင်တန်းဆရာတွေကသူတို့ တစ်သက်လုံး ဖတ်မှတ်ထားတာတွေကို ဝေမျှကြတယ်။ တစ်သက်တာ အတွေ့အကြုံတွေကို ဝေမျှကြတယ်။သင်တန်းတက်တယ်ဆိုတာ အဲဒီစာပေတွေ၊ အတွေ့အကြုံတွေကို တစ်ထိုင်တည်း ဖြတ်လမ်းက အရယူတာဖြစ်တယ်။

ပြောရိုးပြောစဉ်ပြောရရင် အိုးကြီးကြီးနဲ့ မိုးရေခံရင် ရေများများ ရတယ်။ အိုးသေးသေးနဲ့ခံရင် နည်းနည်းပဲရမယ်။ အိုးကွဲနဲ့ခံရင် ဘာမှ ရမှာမဟုတ်ဘူး။ဒါကြောင့် ဘာလို့ သင်တန်းတက်ကြတာလဲဆိုတဲ့ မေးခွန်းကို ကိုယ့်ကိုယ်ကိုယ် မေးကြည့်ဖို့ ပြောရပါတယ်။ သင်တန်းတက်ဖို့ ရည်ရွယ်ချက်အမျိုးမျိုး ရှိမှာပေါ့လေ။ ဗဟုသုတ ရဖို့လောက်

mgyoe.com

လာတာ၊ မိတ်ဆွေအဖော်အပေါင်း တိုးပွားချင်တာ၊ တကယ်လက်တွေ့ အသုံးချစရာ ရမလားလို့ မျှော်လင့်တာ စသည်ဖြင့်ပေါ့လေ။ လာတဲ့ သင်တန်းသားတွေက အတွေ့အကြုံ အမျိုးမျိုး ရှိကြမည်။

ဒီအခါ သင်တန်းဆရာအနေနဲ့ကလည်း အနိမ့်အမြင့် အမျိုးမျိုးရှိတဲ့သူတွေနဲ့ အဆင်ပြေအောင် အတိုးအလျှော့လုပ်ပြီး သင်ပေးရတယ်။ သင်တန်းသားတွေရဲ့ ဉာဏ်ပညာအဆင့်နဲ့ ကိုက်ညီအောင် ဗဟုသုတတွေ မျှဝေရတယ်။ ပြဿနာက သင်တန်းသားအများလက်ခံနိုင်အောင် ချပေးတဲ့အခါ အဆင့်တွေက နိမ့်သည်ထက် နိမ့်လာရော။ ဒီနေရာမှာ ဘယ်လောက်ခက်ခဲနက်နဲတဲ့ အကြောင်းအရာပဲ ဖြစ်ဖြစ်၊ သင်တန်းသားနားနဲ့ ဦးနှောက်ထဲ လျှောခနဲ ဝင်သွားတဲ့သင်ပြပုံ၊ သင်ပြနည်းတွေလည်း ရှိနေတာ အမှန်ပါပဲ။

(၂)

ဘောဂဗေဒရှုထောင့်ကပြောရရင် လူတိုင်းဟာ စီးပွားရေးသမားပါ။ စီးပွားရေးသမားဆိုတာ ကိုယ့်ရဲ့ အကျိုးစီးပွားရှိရာ ရှိကြောင်းကို သိတတ်သူလို့ ဆိုရမယ်။ ဒီနေရာမှာလည်း ကိုယ့်ရဲ့အကျိုးစီးပွား ရှိရာရှိကြောင်း သိတဲ့သူ၊ မသိတဲ့သူရယ်လို့ ခွဲခြားနိုင်ပါသေးတယ်။ ဒီအပြင် ရေတိုအကျိုးနဲ့ရေရှည်အကျိုး၊ လတ်တလောအကျိုးနဲ့ ထာဝရအကျိုးရယ်လို့ ခွဲခြားနိုင်ပါသေးတယ်။

ဒီတော့ သင်တန်းတက်တယ်ဆိုတာ ရေရှည်မှာ ကိုယ့်ရဲ့ စီးပွားရေးလုပ်ငန်းလုပ်တဲ့အခါ ပိုပြီးထိထိရောက်ရောက်လုပ်နိုင်ဖို့ လိုအပ်တဲ့ နည်းပညာနဲ့ ဗဟုသုတတွေ၊ ရယူဆည်းပူးရအောင် ရေတိုမှာ အပင်ပန်းခံနေတာ၊ ရင်းနှီးမြှုပ်နှံနေတာပဲ မဟုတ်လား။ ဒီလိုသဘောပေါက် နားလည်ရင် ကိုယ် ဘာကြောင့် သင်တန်းတက်နေရတယ်ဆိုတာ အလေးအနက် ခံယူစရာဖြစ်ပါမယ်။

ဒီလိုမဟုတ်ဘဲ ဟိုသင်တန်းလေး ပြေးတက်လိုက်၊ သင်ထားသမျှ သင်တန်းထဲမှာ ထားခဲ့လိုက်၊ လူမှုကွန်ရက်တွေတည်ဆောက်နိုင်တာလောက်ပဲ အဖတ်တင်၊ ဒီသင်တန်းပြီး ဟိုသင်တန်း၊ ဟိုသင်တန်းပြီးရင် နောက်ထပ်သင်တန်းတစ်ခု သွားနေကြမည် ဆိုရင်ဖြင့် သင်တန်းအနေနဲ့ရော၊ သင်တန်းသားအနေနဲ့ရော အကျိုးမများ၊ တကယ် တတ်သိနားလည်ချင်တဲ့လူတွေလည်း တက်ရောက်လေ့လာနိုင်ခြင်းမရှိလို့ ဆုံးရှုံးမှုကြီးမားတယ်လို့တောင် ဆိုနိုင်ပါတယ်။ ဒါကြောင့် သင်တန်းတွေများ၊ သင်တန်းသားတွေ များလာပေမယ့် ပြောဆိုလုပ်ကိုင်ပုံတွေ ပြောင်းမလာ၊ အတွေးအခေါ်တွေပြောင်းမလာရင် သင်တန်းရဲ့ ရည်ရွယ်ချက် ထမြောက်အောင်မြင်တယ်လို့ ဆိုဖို့ခက်ပါတယ်။ သင်တန်းတစ်ခုရဲ့ အောင်မြင်မှုဟာ

mgyoe.com

mgyoe.com
သင်တန်းသားတွေရဲ့ မျှော်လင့်ချက်၊ သူတို့ရဲ့ စိတ်နေသဘောထားတွေအပေါ် အများကြီး မူတည်နေကြောင်း၊ သင်တန်းအစုံရောက်နေတဲ့ သင်တန်းဆရာတစ်ယောက်အနေနဲ့ ရှုမြင်မိတာပါပဲ။ ဒီလိုပြောလို့ သင်တန်းတက်တာတွေ၊ သင်တန်းသားများလာတာတွေကို ဆန့်ကျင်တာ မဟုတ်ဘူးဆိုတာ သဘောပေါက်ထားဖို့လည်း လိုပါမယ်။

❑

mgyoe.com

mgyoe.com

# ရေးသူ ဖတ်သူ တစ်ယောက်ရဲ့ ဟိုရောက် ဒီရောက်

## (၁)

အတိတ်ကိုပြောရရင် အခု အတော်ကို မမှတ်မိတော့ဘူး။ ဘွဲ့ရတဲ့အထိ စုထားဆောင်းထားတဲ့ မှတ်တမ်းမှတ်ရာတွေ၊ စာအုပ်စာတမ်းတွေက မိဘတွေနဲ့ အတူနေခဲ့ရတဲ့ ငါန်းဇွန်ကအိမ်နဲ့ မန္တလေးက အိမ်တွေမှာ မရှိတော့ဘူး။ ကုန်ပြီ။ ဘွဲ့ရပြီးတော့ အုန်းတောဆောင်၊ နောက် ခပေါင်းဆောင် သမိုင်းကောလိပ်ဝင်ထဲမှာ ရှိခဲ့တဲ့နှစ်ပေါင်း ၄၀ လောက် မှတ်တမ်းမှတ်ရာတွေက အုန်းတောဆောင်ကပြောင်းတော့ မသယ်နိုင်လို့ ဖျက်ဆီးပစ်ခဲ့ရ။ ထူးထူးခြားခြား ၁၉၇၁ ခုနှစ် ဒိုင်ယာရီလေးတစ်အုပ် သမီးက ဆွဲထုတ်ပြတယ်။နေ့တိုင်းလောက် ဒိုင်ယာရီရေးတယ်။ ကိုယ့်အကြောင်းသာမက ကျောင်းအကြောင်းတွေ၊ ကမ္ဘာ့သတင်းတွေပါ ရေးတယ်။ ထူးခြားတာက အဲဒီတုန်းကဝယ်တာရော၊ စာအုပ်ဆိုင်က ငှားဖတ်တာရော အတော်များသား။ လှည်းတန်းက အလိမ္မာစာပေမှာ တစ်လ တစ်လ လခထုတ်ရင် ဆပ်ရတဲ့စာအုပ်အကြွေးစာရင်း ရှိခဲ့တယ်။ စာမဖတ်ရရင် မနေနိုင်ပဲကိုး။ အခု အဲဒီစာအုပ်အတော်များများကိုမမှတ်မိ။ ဘာသာရေးစာအုပ်တွေ ဖတ်ချင်တော့ ရွှေတိဂုံ

mgyoe.com

mgyoe.com
ဘုရားစောင်းတန်း၊ ပြီးတော့ ကမ္ဘာအေးဘုရား သွားဝယ်တယ်။

အခုပြောင်းနေတဲ့အိမ်က ငါးထပ်ဆိုတော့ စာအုပ်စင် ၃ စင်ပဲ ယူခဲ့တယ်။ စာအုပ်ဗီရို သုံးလေးလုံးကို ဇနီးသည်ရဲ့ အမေ့အိမ် ပို့ထားရတယ်။ တစ်ခုခုဝယ်မယ်ကြံရင် ငါးထပ်ကို တင်ရမယ့်အရေး ထည့်တွက်ရတယ်။ တတ်နိုင်သလောက် မြန်မာစာအုပ်တွေ မသိမ်း၊ တက္ကသိုလ်စာကြည့်တိုက်နဲ့ တခြားအလှူခံတဲ့သူတွေကိုပေးတယ်။ တစ်ခါ အိမ်ပြောင်းမယ်လုပ်တော့ သတင်းစာ ပိဿာချိန် ၁၀၀ ကျော်ကို မနည်းရှင်းပစ်ရတယ်။ ဒါပေမဲ့ ခေတ်အပြောင်းအလဲမှာ (ပြောင်းတာတွေ၊ မပြောင်းတာတွေ ငြင်းခုံနေကြတဲ့ ကြားထဲက) သမိုင်းကြောင်းကို၊ ကိုယ့်အတွေ့အကြုံတွေကို ရေးကြ၊ သားကြတဲ့ စာအုပ်တွေ အတော်ထွက်လာတော့တတ်နိုင်သမျှ ဝယ်ဖတ်ဖြစ်၊ ပြီးရင် တခြား ဝါသနာပါသူတွေနဲ့ မျှဝေ။

၁၉၈၈ ခုနှစ်တုန်းက လွတ်လွတ်လပ်လပ် စည်းမဲ့ကမ်းမဲ့ ရေးကြ၊ သားကြ၊ ထုတ်ဝေကြတဲ့ အရသာကို ခံစားဖူးတယ်။ မျက်စိလည်စရာ သမိုင်းကြောင်းတွေ တွေ့ရတယ်။ အခု ဒီဘက်ခေတ်မှာ လွတ်လွတ်လပ်လပ်ရော၊ စည်းမဲ့ကမ်းမဲ့ရော ရေးကြ သားကြတာတွေ တွေ့လာရတယ်။ ပြောကြ ဆိုကြတာတွေတွေ့ရတယ်။ တော်တော် စိတ်ညစ်စရာတွေလည်း တွေ့ရတယ်။ မပြောရဲ မဆိုရဲကြတဲ့ခေတ်မှာ တတ်နိုင်သမျှ မျှမျှတတပြောဆိုခဲ့ပေမယ့် ပြောရဲဆိုရဲရှိတဲ့ခေတ်မှာ ဘာမျှမပြောတော့ဘူး။ တွေ့ဆုံမေးမြန်းတာတွေကို ဖြေဆိုဖို့ရှောင်တယ်။ အသံ (Voice) ထက် ဆူညံသံ (Noise) တွေက ပိုများနေတယ်။ အသံကျယ်သူကို ပညာရှိလို့၊ အမှန်လို့ ထင်ကြတာတွေ များလွန်းတဲ့အထဲ ကိုယ် မပါချင်၊ ဘယ်ဘက်နဲ့မဆို ရင်းရင်းနှီးနှီး၊ ကျွမ်းကျွမ်းဝင်ဝင် မရှိ၊ ပဝါတစ်ကမ်း လက်တစ်ကမ်း ဆက်ဆံတယ်။ ဖတ်ခွင့်ရတာတွေက တစ်ဖက်ဖက်က အပြတ်ရပ်ပြီး ရေးကြ သားကြတာလို့ထင်တယ်။ အထူးသဖြင့် အင်တာနက်မှာ တွေ့ရတာတွေကို အမှန်လို့ ယူဆလို့မရ။ တစ်ခုခုတွေ့ရင် မျက်စိမှိတ် ယုံလိုက်ကြ၊ ဖြန့်လိုက်ကြတာ များတယ်။

အခုဆို ကွန်ပျူတာမှာ၊ တယ်လီဖုန်းမှာ ဖတ်တဲ့စာက ပိုများလာတယ်။ ဒါပေမဲ့ ပုံနှိပ်စာအုပ်ကို လက်လွှတ်လို့ မရ။ စာအုပ်ကိုင်ဖတ်ရသလောက် အရသာ မရှိ။ ထားရ၊ သိုရ၊ သယ်ဆောင်ရ ခက်ပေမယ့် စာအုပ်မဝယ်ဘဲ မနေနိုင်။ ဒီဘက်ပိုင်းမှာ အင်္ဂလိပ်လို ဖတ်တာပိုများတယ်။ ဖတ်ပြီးရင် ဒီအတိုင်း မနေ၊ ပြန်လည် ဟောပြော ရေးသားတယ်။ တစ်ရက်ကပဲ စင်ကာပူက တပည့်တွေ ဝိုင်းဝန်းဝယ်ပေးကြတဲ့ စာအုပ်တွေ သယ်လာခဲ့သေး တယ်။ ဟိုတုန်းက ရန်ကုန်မှာ အစိုးရဆိုင် (ကုန်သွယ်ရေး ၉) ပဲ အင်္ဂလိပ်စာအုပ် (မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေလောက်) ဝယ်လို့ရတယ်။ ဒါပေမဲ့ ထူးထူးဆန်းဆန်း ၁၉၇၇
mgyoe.com

mgyoe.com
ခုနှစ်လောက်မှာ တက္ကသိုလ်စာအုပ်ဆိုင်မှာ အင်္ဂလိပ်ဘာသာနဲ့ ထုတ်တဲ့စာအုပ်တွေ အတော်များများ ရောက်လာလို့ ဝယ်ခဲ့ရဖူးတယ်။

နောက်တော့ အင်းဝမှာ အင်္ဂလိပ်ဘာသာစာအုပ်တွေ အတော်ရတယ်။ ဒီဘက်ခေတ်မှာ Popular နဲ့ Monument က နိုင်ငံခြားလေဆိပ်တွေရောက်မှ တွေ့ရတဲ့ စာအုပ်မျိုးတွေကိုဝယ်လို့ ရလာတယ်။ ဒါကြောင့် အခုဆို မြန်မာစာအုပ်တွေ ရောင်းတဲ့ဆိုင်သာမက အင်္ဂလိပ်ဘာသာစာအုပ်ဆိုင်တွေပါ သွားရပြန်ရော။ စာအုပ်ဈေးတွေကို ကြီးတယ်လို့ အများအားဖြင့် ထင်ကြပေမယ့် ကိုယ်ကတော့သူတို့ တစ်သက်တာ စုဆောင်း၊ ရေးသားထားကြတဲ့ စာအုပ်တွေကို ဝယ်ရကျိုး၊ ပေးရကျိုး နပ်တယ်လို့ထင်တယ်။ သုံးလေးသုံးလောက် ပေးဝယ်တယ်။ ဆောင်းပါး ၂ ပုဒ်၊ ၃ ပုဒ်လောက် ပြန်ရေးနိုင်ရင် စာအုပ်ဖိုးကျေပြီး စာအုပ်အဖတ်တင်တယ်လို့ ထင်တယ်။ မိတ္တူဆွဲထားတဲ့စာအုပ်နဲ့တင် အားမရ၊ မူရင်းစာအုပ်တွေရင်လည်း ဝယ်ဖတ်တယ်။ Textbook ပြဋ္ဌာန်းစာအုပ်လိုမျိုးဆိုရင် သိန်းချီပေးရလည်း (တတ်နိုင်သလောက်) ဝယ်တယ်။ နိုင်ငံခြားသွားတဲ့အခါ တတ်နိုင်သမျှ စာအုပ်ဆိုင် လိုက်ရှာတယ်။ ဝယ်တယ်။

ဒါပေမဲ့ အင်တာနက်မှာဖတ်တာ Download ဆွဲတာ၊ ချက်ချင်းဖတ်တာ၊ ချက်ချင်းပြန်ရေးတာတွေ များလာတယ်။ တစ်နေ့နေ့ ဖတ်ရဦးမယ်ဆိုပြီး လောဘတကြီးနဲ့ သိမ်းထားတာတွေလည်းအများကြီး။ ပြန်ရှာတော့ မတွေ့တာတွေလည်း အများကြီး။ တခြားလောဘထက် ပညာလောဘ၊ စာအုပ်လောဘကြီးတာကိုး။ ဒါပေမဲ့ ကိုယ်နဲ့ ပေါင်းသင်းတဲ့ လူငယ်တွေထဲမှာ စာဖတ်တာ၊ စာအုပ်ရူးတာကခပ်ရှားရှား။ အင်တာနက်ကြီးရှေ့ချ၊ ကွန်ပျူတာရှေ့ထိုင်ပြီး ငတုံးတွေ၊ ငအတွေ (ကိုယ့်မျက်စိထဲ)ဖြစ်နေကြတာတွေ အများကြီး။ ကိုယ်တို့ တစ်သက်မကြားဖူး၊ မရဖူးတဲ့ လခတွေရ၊ အဝတ်အစားတွေ၊ အသုံးအဆောင်တွေ ဝယ်ကြ၊ အာရုံတွေက များနေလေတော့ စာအုပ်အရသာ၊ စာအုပ်က ပေးတဲ့ ရသတွေမှာခံစားမှုတွေ လျော့နေကြလေရဲ့။

(၂)

စာစရေးတာက အထက ငါန်းဇွန်ရဲ့ နံရံကပ်စာစောင် ၈ တန်းကျောင်းသားဘဝ ၁၉၆၈ ဖြစ်မယ်ထင်ရဲ့။ အထက မြင်းမူရောက်တော့ ကဗျာရေးဖြစ်။ ပထမဆုံး ပုံနှိပ်စာလုံးနဲ့ဖတ်ရတဲ့ ဆောင်းပါးက 'ဗုဒ္ဓ၊ ဓမ္မ လောက'စာစောင်။ တက္ကသိုလ် ပထမနှစ် ၁၉၇၁ လောက်။ ဒီကြားထဲ ကျောင်းမဂ္ဂဇင်းတွေလောက် ရေးစရာရှိတာ။ ဘာသာရေးစာစောင်တွေ အများကြီး။ ၁၉၈၈ ခုနှစ်မတိုင်ခင် ထွက်လာတော့ ဘာသာရေးတွေ အများကြီး
mgyoe.com

mgyoe.com
ဖတ်မိ၊ ရေးမိ။ ၁၉၈၈ အရေးအခင်းနဲ့ ကျောင်းပိတ်လိုက်တော့စာဖတ်လို့၊ စာရေးလို့ ကောင်းလိုက်တာ။ စီးပွားရေးဆောင်းပါးတွေ၊ အတွေးအမြင်တို့၊ ဘက်စုံတို့မှာ ရေးဖြစ်တော့တာပါပဲ။ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ အပ္ပမာဒမှာ နည်းနည်း ရေးဖြစ်တာ။ ဆရာ ဦးဆန်းလွင်ထုတ်တဲ့ ဓမ္မရုပ်စုံမှာ ရေးဖြစ်တာလောက်ပဲ ရှိမယ်။

ဟော ၂၀၀၆ မှာ ဝန်ထမ်းဘဝက အနားယူတဲ့အချိန်၊ အင်တာနက်မှာ စာစရေးဖြစ်၊ အင်တာနက် သုံးဖြစ်တော့တာပါပဲ။ အွန်လိုင်းအယ်ဒီတာဖြစ်၊ E-trade တို့၊ ခေတ်လူငယ်တို့မှာ တာဝန်ယူခဲ့ရသေး။ ကမ္ဘာ့စီးပွားရေးတို့၊ နိုင်ငံတကာစီးပွားရေးတို့ဆိုတဲ့ ဂျာနယ်တွေ ၂၀၀၀ ပြည့်နှစ်ဝန်းကျင်မှာထုတ်တော့ စာမျက်နှာ မပြည့်ပြည့်အောင် လိုသလောက် ဆောင်းပါးတွေ မမောတမ်းရေးခဲ့တာ အဲဒီစာစောင်တွေ သက်တမ်းကုန်ပဲ့ အချိန်အထိ။ ပြဿနာက အဲဒီတုန်းက စာစောင်တွေ အစုံပိုင်းမှာ သိမ်းထားပေမယ့် နောက်ပိုင်းသိမ်းမထားနိုင်။ ဒီတော့ စာအုပ်ဖြစ်သွားတဲ့ စာမူလေးတွေကလွဲလို့ ကျန်တာတွေ ကြက်ပျောက်ငှက်ပျောက်။ အခုဆို ရေးခဲ့သမျှ စာအုပ်တောင် အကုန်မရှိတော့။ ပျောက်တဲ့စာအုပ် ပျောက်ကုန်ပြီ။ အခုထိ ကွန်ပျူတာမှာ မြန်မာစာမရိုက်တတ်၊ တယ်လီဖုန်းနဲ့ နည်းနည်းရိုက်တတ်ပေမယ့် ကိစ္စမရှိဘူး။ လက်ရေးနဲ့ ရေး၊ အင်တာနက်က လှမ်းပို့လိုက်။ သူတို့ ရိုက်ပြီးရင် ပြန်ပို့။ ပြင်စရာ ရှိတာပြင်၊ စာရိုက်ပေးတဲ့သူကလည်း အများအားဖြင့် ကိုယ့်လက်ရေး ဖတ်နေကြလူတွေဆိုတော့ အမှားအယွင်း သိပ်မရှိ။ အခုဆို သမီးကို ချော့ရိုက်ခိုင်း၊ ချမရေးနိုင်ရင်တောင် အသံသွင်းပေး၊ အသံသွင်းထားတာ ပြန်ဖွင့်ချရေး။ ပြီးရင် အင်တာနက်ကနေပို့လိုက်။ အခုဆို နေမကောင်းတာ ၂ လလောက် ရှိပြီ။ ဟိုမသွားနိုင်၊ ဒီမသွားနိုင်ဆိုပေမယ့် စာရေးစာဖတ် မပျက်။ ကမ္ဘာကြီးနဲ့ အဆက်မပြတ်။ အနီးကလူတွေထက် အင်တာနက်သုံးနိုင်တဲ့ အဝေးကလူတွေနဲ့တောင် ပိုတွေ့သေး။

ဒါပေမဲ့ အင်တာနက်မှာ လူမှုကွန်ရက်မှာ ဖြစ်နေတာတွေ ပြောဆိုနေကြတာတွေအားလုံးက ပြင်ပ တကယ့်လောကကို ကိုယ်စားပြုတယ်လို့ ပြောဖို့က ခပ်ခက်ခက်။ အင်တာနက်လောကမှာက တကယ်ကို ဒြပ်မဲ့၊ ဘုန်းကြီး၊ လူ၊ ကျား၊ မ၊ လူကြီး၊ ကလေး ဘာမှ မကွဲပြား။ တစ်လောက စာမဖတ်တဲ့ လူကြီးတွေ ဦးဆောင်ပြီး စာဖတ်ရှိုက်ရှိုက်မြှင့်တင်ရေးတွေ၊ ဘာတွေ လုပ်ကြတော့ ကိုယ်က 'စာဖတ်ပါ' ဆိုတာ အလွယ်ဖြော်တာပါ။ မျက်စိနဲ့နား ဖွင့်ထားကြပါတယ်။ ဗဟုသုတတွေ၊ ပညာတွေ တတ်နိုင်တဲ့နည်းနဲ့ ယူကြပါလို့ ချဲ့ပြောခဲ့ရသေးတယ်။ စာကို ဘိန်းလိုသဘောထား၊ ဖိမ်ခံဖတ်ပြီး ဘာအလုပ်မှ မယ်မယ်ရရ ပီပီပြင်ပြင် မလုပ်နိုင်တာလဲ တွေ့ဖူးတာကိုး။

ဒီဘက်ခေတ်မှာ သတင်းစာတွေ များလာပေမယ့် သတင်းတွေ အားပါန်ကြလေ

mgyoe.com

mgyoe.com
တော့ စောစောစီးစီး အင်တာနက်မှာ တက်၊ သတင်းဖတ်ထားတဲ့ ကိုယ့်အတွက်တော့ သိပ်မစွဲလမ်း။ သတင်းထူး၊ သတင်းဦးတွေ နောက်လိုက်ရင်း လိုက်ရင်း နောက်နေ့လည်း ရောက်ရော မဟုတ်ပါဘူးတို့၊ မပြောပါဘူးတို့၊ ဒီလို အဓိပ္ပာယ်နဲ့ မဟုတ်ပါဘူးတို့တွေ လည်း အများကြီး။ ကြိုကြားကြိုကြားမှားယွင်းကြောင်း တောင်းပန်တာလည်း ရှိရဲ့။

ထူးခြားချက်တစ်ခုက အင်တာနက်တို့၊ လူမှုကွန်ရက်တို့ ရှိနေလေတော့ လူတိုင်း စာရေးနိုင်ကြတာပါပဲ။ ကိုယ်ဆိုရင်လည်း တစ်ခုခုရေးပြီး လူမှုကွန်ရက်ကို တင်လိုက်ရင် ကျေနပ်သွားတယ်။ တာဝန်ကျေသွားတယ်လို့ ခံစားရတယ်။ လူတိုင်းထုတ်ဝေသူကို အားမကိုးရဘဲ ကိုယ့်စာ ကိုယ်ရေးတင်နိုင်ကြတော့ ချက်ချင်းလက်ငင်း လူသိများလာကြ တာလည်း တွေ့ရတယ်။ ကြားရ၊ တွေ့ရခဲ့တဲ့ ပြည်တွင်းပြည်ပ အတွေ့အကြုံတွေကိုလည်း ကြားရ၊ တွေ့ရ၊ ဖိတ်ရတယ်။ စာက ကြိုကြားကြိုကြားလောက် ရေး၊ စာမရေးဖြစ်ဘဲ ရပ်သွားတဲ့သူတွေ၊ စာရေးဖို့ ကြိုးစားနေကြတဲ့သူတွေလည်း တွေ့ရရဲ့။

(၃)

ရေးတဲ့သူတစ်ယောက်အနေနဲ့ရော ဖတ်တဲ့သူတစ်ယောက်အနေနဲ့ရော ပြောရရင် ဘယ်နည်း (Medium) နဲ့ ရေးကြတယ်၊ ဖတ်ကြတယ်ဆိုတာသာ ပြောင်းသွားပေမယ့် လူတွေရဲ့ အတွေ့အကြုံတွေ၊ ခံစားချက်တွေ၊ ပညာဗဟုသုတတွေကို မျှဝေမှု၊ ရယူမှုတွေ ကတော့ ခေတ်အဆက်ဆက်မှာ ရှိနေမယ်လို့ပဲမြင်ပါတယ်။ ဒါပေမဲ့ ခေတ်အဆက်ဆက်နဲ့ အံ့ဝင်ခွင်ကျ ဖြစ်ရင်တော့ ရသစာပေတွေ၊ သုတစာပေတွေလည်း ထင်ကျန်ရစ်ခဲ့မှာပါပဲ။ စာအုပ်အဟောင်းတွေ ပြန်ပြန်ဖော်ထုတ်ရ၊ ရိုက်နှိပ်ရလုပ်နေရတာက ဥပမာ ပြနေပါတယ်။ ကျောင်းဆရာဘဝကို တရားဝင်စွန့်လွှတ်ခဲ့၊ စာရေးတဲ့နည်းနဲ့ စာသင်ခန်းပြင်ပက ပရိသတ် ကိုပါ အရောက်လှမ်းနိုင်ခဲ့တာကတော့ စာရေးသားမှု၊ ဟောပြောမှု၊ အသံလွှင့်(ရုပ်+သံ) မှုတွေရဲ့ ကျေးဇူးပါ။ ဒါကြောင့် စာတတ်ပြီး ဗဟုသုတ မရှိသူ၊ စာမတတ်ပေမယ့် ဗဟုသုတ ရှိသူတွေလို့ ကွဲပြားလာပြန်ရော။ စာအုပ်တွေ ကျယ်ကျယ်ပြန့်ပြန့် ဖတ်ခွင့်ရတာ ကိုယ် သိထားသမျှ ကျယ်ကျယ်ပြန့်ပြန့်ရေးသား ဟောပြောပို့ချ ဝေမျှခွင့်ရတာကတော့ ကိုယ့် အတွက် အကြီးဆုံးဆုလာဘ်တစ်ခုလို့ အမြတ်တနိုး ဂုဏ်ယူဝံ့ကြွားနိုင်ကြောင်းပါ။

❑

mgyoe.com

mgyoe.com

# သန်သလို စွမ်းရမယ်

တစ်ရက်က သမီးတို့နဲ့ ရွာသာကြီးစီးပွားရေးတက္ကသိုလ် လိုက်သွားတယ်။ သူတို့ သီချင်းတိုက်ဖို့အတွက် အကြိုလေ့ကျင့်တဲ့အခမ်းအနား ဂီတပဒေသာကို လိုက်သွားတယ်။ အဲဒီမှာ သူတို့ အော်ဂင် ကီးဘုတ်တီးပေးတဲ့သူငယ်ချင်းတစ်ယောက်က အောက်ပိုင်းမသန် တဲ့သူဖြစ်နေတာ တွေ့ရတယ်။ အဲဒီတော့ သူ့ကို ကျောင်းကရှည်လျားတဲ့ လှေကားထစ်တွေ ကို ဘယ်လိုလုပ်ပြီး တင်ရမလဲဆိုတာ စဉ်းစားမိတယ်။ ကိုယ်တိုင်ကလည်း TB ဆေး သောက်နေလို့ ခြေတွေလက်တွေနာနေတဲ့သူဆိုတော့ ဒီလှေကားထစ်တွေကို ဘယ်လို တက်ရမလဲဆိုတာစဉ်းစားမိတယ်။ ဒါပေမဲ့ သူက ကားပေါ်ကဆင်းပြီးတော့ လက်ကလေး နှစ်ဖက်နဲ့ ဖိနပ်စီးပြီး လက်ကလေးနှစ်ဖက်ပေါ်မှာ မသန်တဲ့ခြေထောက်ကလေးနှစ်ဖက်တင် ပြီး ဖတ်ဖတ်နှင့်ခဏလေး တက်သွားတာတွေ့ရတယ်။ သူလို အောက်ပိုင်းမသန်တဲ့သူက တောင် ဒီလိုတက်သွားတာဆိုတော့ ကိုယ်ကခြေထောက်အသန်ကြီးရှိလျက်နဲ့ အကူအညီနဲ့ အမှီအခိုနဲ့ တက်ရမယ်ဆို ရှက်စရာဖြစ်တယ်ဆိုပြီးတော့ နားနားနေနေပဲ ဖြည်းဖြည်းချင်းပဲ အဲဒီလှေကားထစ်တွေကို တက်သွားလိုက်ပါတယ်။

ဒီဘက်ပိုင်းမှာ စီးပွားရေးတက္ကသိုလ် ရွှေရတုအထိမ်းအမှတ်ကျောင်းသားဟောင်း တွေက သူတို့ရဲ့အတွေ့အကြုံတွေ ပြန်ပြောကြ၊ ရေးကြ သားကြ အမှတ်တရတွေ တက္ကသိုလ်လွမ်းတာတွေ ဖော်ထုတ်ကြတာတွေ့ရတယ်။ အဲဒီအထဲမှာ တောင်ကြီးရောက် နေတဲ့ တောင်ကြီးက အောက်ပိုင်းမသန်တဲ့ ကျောင်းသူတစ်ယောက်က သူ့ဘဝကို၊ သူ ကျောင်းဘယ်လိုတက်ခဲ့ရသလဲဆိုတာကို လွမ်းလွမ်းဆွေးဆွေး ပြန်ရေးပြတယ်။ သူ ရေးတာလေးကိုကြည့်ပြီးတဲ့အခါကျတော့ ဆက်ရေးဦး၊ ကိုယ့်ရဲ့အတွေ့အကြုံတွေကို ဆက်ရေးဦးဆိုပြီးတော့ ပြောဖြစ်တယ်။ အဲဒီ သူ့ရဲ့ပထမဦးဆုံးရေးတဲ့ ဆောင်းပါးကို Internet အပေါ်မှာ တင်လိုက်တဲ့အခါ တော်တော်များများက သဘောကျကြတယ်။

mgyoe.com

mgyoe.com
ဝိုင်းပြီးတော့ ဂုဏ်ပြုကြ၊ ချီးကျူးကြတာကို တွေ့ရတယ်။ ဒါနဲ့တင်မပြီးသေးဘဲနဲ့ သူ့ရဲ့မိသားစုဘဝ ဒီတက္ကသိုလ်က ပြီးတဲ့အချိန် မိသားစုအတွက် ဝင်ငွေရအောင် ဘယ်လို အလုပ်လုပ်တာ၊ ဖခင်ကြီး မကျန်းမမာဖြစ်တဲ့အချိန်မှာ သူက မိသားစုရဲ့တာဝန်ကိုယူဖို့ ကြိုးစားတာတွေများတော်တော်လေးကို လက်ဖျားခါလောက်အောင် ကောင်းတယ်။ ကြိုးစားတယ်။ ချီးကျူးစရာကောင်းအောင် အားထုတ်ကြိုးစားတာတွေကိုတွေ့ရတယ်။ အဲဒါတွေကို ဖတ်ပြီးတဲ့အခါကျတော့လည်း ကျောင်းသားတွေကရော သူ့ရဲ့သူငယ်ချင်း တွေကပါ တော်တော်ကျေနပ်ကြ၊ ဝမ်းမြောက်ကြ၊ အားတက်ကြတယ်။

အခုလို ဒီ ခြေမသန်၊ လက်မသန်၊ အောက်ပိုင်းတောင် မသန်တဲ့သူတွေတောင်မှ ဘဝကို ဒီလိုပဲ ကြိုးစားရုန်းကန်ကြတယ်၊ ဖြတ်သန်းကြတယ်ဆိုလို့ရှိရင် ခြေသန်၊ လက်သန်ရှိနေတဲ့သူတွေက ဘဝအတွက် ဘာဖြစ်လို့ ရင်မဆိုင်စရာရှိရမှာလဲဆိုတဲ့ အတွေး တွေ၊ ခွန်အားတွေကို သူတို့တစ်တွေက ပေးကြတာတွေ့ရတယ်။ အခုတစ်လောမှာ အများ အားဖြင့်ကတော့ ဘယ်သူကဖြင့် အဆင်မပြေဘူး၊ ဘယ်ဝါကဖြင့် အဆင်မပြေဘူး၊ လုပ်ငန်းခွင်မှာ ဘယ်လိုသောကတွေ၊ ဒုက္ခတွေ၊ ဒေါမနဿတွေ ရင်ဆိုင်နေရတယ်ဆိုတာ အများအားဖြင့် ပြောကြ၊ ဆိုကြ၊ ရေးကြ၊ သားကြတာ တွေ့ရတယ်။ ခေတ်ကလည်း အပြောင်းအလဲတွေ ဖြစ်နေပြီလေ။ ဟိုတုန်းကလို အလုပ်တစ်ခုကို နှစ်ရှည်လများ လုပ်မယ်ဆိုတဲ့ အစွဲနဲ့ လုပ်လို့မရတော့ဘူး။ တစ်ယောက်ကများဆိုရင် ပြီးခဲ့တဲ့ဆယ်နှစ် အတွင်းမှာ အလုပ်အကိုင်ခြောက်ခုပြောင်းတယ်။ အချို့အလုပ်ဆိုလျှင် လပိုင်းပဲခံတယ်။ တသက်လုံး အနှစ် ၂၀၊ ၃၀ အလုပ်လုပ်မယ်ဆိုပြီးတာ ဒီဘက်ခေတ်မှာတော့ မရှိ သလောက် ဖြစ်တော့မယ်နဲ့တူတယ်။ အဲဒီအခါကျတော့ ဒီအလုပ်တွေကနေ ပြောင်းဖို့၊ ထွက်ဖို့ (ဒါမှမဟုတ်) အထုတ်ခံရဖို့ဆိုတာတွေက အမြဲတမ်းပြင်ဆင်ထားရမယ့် ကိစ္စတွေ ဖြစ်နေတယ်။

ဖိအားတွေ၊ အပြိုင်အဆိုင်တွေကလည်းများလာတယ်။ တောင်းဆိုတာ အခွင့် အရေးတွေ ရသင့်သလောက်ရတာတွေရှိသလို တာဝန်တွေကလည်း ပိုများလာတယ်။ အဲဒီအခါကျတော့သောကရောက်ကြတယ်၊ ဒုက္ခရောက်ကြတယ်၊ စိတ်တွေပင်ပန်းကြတယ် ဆိုတာ သဘာဝကျပါတယ်။ လူတိုင်း၊ လူတိုင်းကစိတ်ဓာတ်တွေ ကျနေကြတယ်၊ စိတ် နှလုံး ပင်ပန်းနေကြတယ်။ ဒီအခါမှာ ပညာတွေ၊ ဗဟုသုတတွေပေးတဲ့စာတွေရေးဖို့ လိုသလို သူ့တို့ရဲ့စိတ်နှလုံးကို ခွန်အားဖြည့်ပေးတဲ့စာတွေလည်း လိုတယ်လို့ သတိထားမိပါတယ်။ ဒီလိုစာတွေရေးရတာက ရေးတဲ့အခါမှာ ဖတ်ပြီးဘာသာပြန်တဲ့အခါမျိုးမှာ ကိုယ်တိုင်လည်း စိတ်နှလုံးရွှင်လန်းတာ အားပြည့်လာတာတွေ့ရတယ်။ စောစောကပြောသလို ဒီခေတ်မှာ
mgyoe.com

mgyoe.com
နည်းနည်းလေးတိမ်မြုပ်နေတဲ့ ရသစာပေတွေ၊ စိတ်နှလုံးကို ခွန်အားဖြည့်ပေးတဲ့ ရုပ်ရှင်တွေ၊ သီချင်းတွေ၊ စာပေတစ်ခုတည်းမဟုတ်ဘူးပေါ့လေ။ ဒါတွေကို လိုအပ်တယ်ဆိုတာ သတိထားမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူတွေက ပိုပင်ပန်းလာကြတာကိုး။ အဲသလို စိတ်နှလုံးကို အာဟာရဖြစ်စေမယ့်စာတွေကို ရေးရတဲ့အချိန်မှာလည်း အားရှိတယ်။ စိတ်ချမ်းသာတယ်။ ဖတ်ရတဲ့သူများကလည်း သူတို့ဘဝမှာ အခက်အခဲကြုံနေတဲ့အခါမှာ အကျပ်အတည်း ကြုံနေတဲ့အခါမှာ အဲဒီစာမျိုးလေးတွေကို ဖတ်လိုက်ရတဲ့အခါ သီချင်းလေးတွေ နားထောင်၊ ရုပ်ရှင်လေးတွေကို ကြည့်လိုက်ရတဲ့အခါမှာ ပိုပြီးတော့ ခွန်အားဖြစ်လာတယ်ဆိုတာကိုတွေ့ရတယ်။

တစ်ခါက ကိုယ့်ကိုယ်ကိုယ် ခွန်အားဖြည့်ပါ၊ ကိုယ့်ကိုယ်ကိုယ် အားပေးပါ၊ ကိုယ့်ကိုယ်ကိုယ် မီးမွေးပါဆိုတဲ့ ဆောင်းပါးလေးတစ်ပုဒ်ကို ဘာသာပြန်ဖြစ်ပါတယ်။ ဖတ်ရတဲ့သူတွေက ကိုယ့်ကိုယ်ကိုယ် မီးမွေးပါဆိုတာကို ဖတ်လိုက်ရတဲ့အချိန်မှာတစ်ချိန်လုံး ကိုယ့်ကိုယ်ကိုယ်တစ်နေ့တစ်နေ့ ဘယ်နှခါမှန်းတောင်မသိဘူး ပြန်ပြန်ပြီးတော့ အားပေးနေရတယ်ဆိုတဲ့အသံကို ကြားရပါတယ်။ ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ ကိုယ့်ဒုက္ခ၊ ကိုယ့် ပြဿနာဟာ ကိုယ့်အတွက်တော့ အကြီးဆုံးပေါ့။ ဒါက ကိုယ်က ရင်ဆိုင်နေရတာကိုး။ ဒါပေမဲ့ သူများတွေ ရင်ဆိုင်ရတာနဲ့ယှဉ်ကြည့်လိုက်တဲ့အခါကိုယ် ရင်ဆိုင်ရတာ ဘာမှ မပြောပလောက်ဘူးဆိုတာ တွေ့လာရတယ်။ ပြီးတော့ သူများတွေတောင်မှ ကိုယ်လို ခြေအပြည့် လက်အပြည့်၊ ခန္ဓာကိုယ် အထက်ပိုင်းအပြည့်၊ အောက်ပိုင်းအပြည့်နဲ့ ရာခိုင်နှုန်းအပြည့်မဟုတ်ဘဲနဲ့ ၅၀ ရာခိုင်နှုန်းပဲ ရှိတဲ့သူ၊ ၄၀ ရာခိုင်နှုန်းပဲ ရှိတဲ့သူတွေကလည်း ဘဝကိုရင်ဆိုင်နိုင်ကြတယ်။ သူတို့က ပိုပြီးတော့ သတ္တိကောင်းတယ်။ ပိုပြီးတော့ ခွန်အားပြည့်တယ်ဆိုတဲ့အခါကျတော့ ကျွန်တော်တို့ခြေစုံ၊ လက်စုံရှိနေတဲ့သူများက ရှက်စရာဖြစ်လာတယ်။ သူတို့တောင်မှ ဒီလိုရင်ဆိုင်နိုင်သေးရင် ငါတို့ ဘာလို့ ရင်မဆိုင်နိုင်ရမှာလည်းဆိုတဲ့ အတွေးမျိုးတွေ ဖြစ်ပေါ်လာပါတယ်။

ဒါကြောင့် အခုတစ်လောမှာ မသန်ပေမယ့် စွမ်းတဲ့သူတွေကိုကြည့်တဲ့အခါမှာ သန်ပေမယ့် မစွမ်းကြတဲ့သူတွေအတွက် ရှက်စရာ ဖြစ်လာတယ်။ တစ်နည်းအားဖြင့် ပြောရလျှင် သူတို့တစ်တွေရဲ့နမူနာတွေဟာ ရာနှုန်းပြည့်ခန္ဓာကိုယ်ရှိနေတဲ့သူတွေအနေနဲ့ ဘယ်လိုမှ လက်လျှော့စရာ၊ စိတ်လျှော့စရာအကြောင်း မရှိဘူးဆိုတာ အမြဲတမ်းသတိပေး၊ အားဖြည့်နေတယ်လို့ အခုရက်ပိုင်းမှာတွေ့ရတဲ့ အတွေ့အကြုံတွေကို မှတည်ပြီးတော့ သုံးသပ်မိပါတယ်။

❑

mgyoe.com